http://www.dhammadownload.com

ပြည်ထောင်စုမြန်မာနိုင်ငံတော်
ဒုတိယအကြိမ်
နိုင်ငံတော်သံဃမဟာနာယကအဖွဲ့

# ညွှန်ကြားလွှာအမှတ်(၇၅)ဖြင့်
# အရေးယူခြင်းဆိုင်ရာ
# လုပ်ထုံးလုပ်နည်းများ

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
သာသနာရေးဝန်ကြီးဌာန၊ သာသနာရေးဦးစီးဌာန
ကမ္ဘာအေးစာပုံနှိပ်တိုက်၌ရိုက်နှိပ်သည်။

သာသနာ - ၂၅၅၂ ကောဇာ - ၁၃၇၀ ခရစ် - ၂၀၀၈

http://www.dhammadownload.com

http://www.dhammadownload.com

ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော်

ဒုတိယအကြိမ်

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့

ညွှန်ကြားလွှာအမှတ် (၃၅) ဖြင့်

အရေးယူခြင်းဆိုင်ရာ

# လုပ်ထုံးလုပ်နည်းများ

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
သာသနာရေးဝန်ကြီးဌာန၊ သာသနာရေးဦးစီးဌာန
ကမ္ဘာ့အေး စာပုံနှိပ်တိုက်၌ ရိုက်နှိပ်သည်။

သာသနာ ၂၅၅၂ ကောဇာ ၁၃၇၀ ၂၀၀၈

http://www.dhammadownload.com

ရန်ကုန်မြို့၊ ကမ္ဘာအေး၊ သာသနာရေး ဝန်ကြီးဌာန
သာသနာရေးဦးစီးဌာန၊ ကမ္ဘာအေးစာပုံနှိပ်တိုက်တွင်
ညွှန်ကြားရေးမှူး ဦးဇာနည်ဝင်း
မှတ်ပုံတင်အမှတ် (၀၃၈၄၃/၈၂၄၀၅)က
ပုံနှိပ် ထုတ်ဝေသည်။

http://www.dhammadownload.com

# နိုင်ငံတော်သံဃမဟာနာယကအဖွဲ့
# ညွှန်ကြားလွှာ (၇၅) ဖြင့် အရေးယူခြင်းဆိုင်ရာ
# လုပ်ထုံးလုပ်နည်းများ

---

## မာတိကာ


| အကြောင်းအရာ | | | စာမျက်နှာ |
|---|---|---|---|
| - နိဒါန်း | --- | --- | (ဆ) |
| - အထူးလျှောက်ထားချက် | --- | --- | (ဎ) |

## အပိုင်း (၁)

အရေးယူမှုအမျိုးအစား

| | | | |
|---|---|---|---|
| (က) ကျောင်းစည်းမျဉ်းမလိုက်နာမှု | --- | --- | ၁ |
| (ခ) ညွှန်ကြားလွှာ (၇၂) ပါ စည်းကမ်းများကို မလိုက်နာမှု | --- | --- | ၃ |
| (ဂ) ကျောင်းဟုအသိအမှတ်မပြုသော အဆောက်အအုံ၌ နေထိုင်မှု | --- | --- | ၅ |
| (ဃ) သံဃာ့အဖွဲ့အစည်းလုပ်ထုံး ၉၃ (ဎ) အရ အရေးယူမှု | --- | --- | ၆ |
| (င) အထွေထွေ | --- | --- | ၇ |

http://www.dhammadownload.com

အကြောင်းအရာ　　　　စာမျက်နှာ

## အပိုင်း (၂)

### ဖြစ်မှုနှင့်ဖြစ်ဒဏ်


| | | | |
|---|---|---|---|
| (က) အရက်သေစာသောက်စားမှု | --- | --- | ၈ |
| (ခ) မူးယစ်ဆေးဝါးမှီဝဲမှု | --- | --- | ၉ |
| (ဂ) လောင်းကစားမှု | --- | --- | ၉ |
| (ဃ) စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်ခြင်း | --- | --- | ၁၀ |
| (င) မှောင်ခိုပစ္စည်းထားရှိ ရောင်းဝယ်သယ်ဆောင်ခြင်း | --- | --- | ၁၁ |
| (စ) ပွဲလမ်းသဘင်ကြည့်ရှုမှု | --- | --- | ၁၁ |
| (ဆ) သီဆိုတီးမှုတ်ကခုန်ပြောင်လှောင်ခြင်း | --- | --- | ၁၂ |
| (ဇ) တစ်အိမ်တက်ဆင်း ရွှေငွေအလှူခံခြင်း | | --- | ၁၃ |
| (ဈ) ယာဉ်ရထားပေါ်နှင့် ဈေးများ၌အလှူခံခြင်း | | --- | ၁၄ |
| (ည) နေမွန်းလွဲချိန်၌ ဆွမ်းဆန်စိမ်းအလှူခံခြင်း | | --- | ၁၄ |
| (ဋ) အထွေထွေ | --- | --- | ၁၄ |


## အပိုင်း (၃)


| | | | |
|---|---|---|---|
| (က) မြို့နယ်သံဃနာယကအဖွဲ့က စောဒနာလွှာကို စိစစ်လက်ခံခြင်း | --- | --- | ၁၆ |
| (ခ) မြို့နယ်သီးခြားသံဃဝိနိစ္ဆယအဖွဲ့က စိစစ်ဆုံးဖြတ်ခြင်း | --- | --- | ၁၇ |
| (ဂ) ဆုံးဖြတ်ချက်ကို အကောင်အထည်ဖေါ်ဆောင်ရွက်ခြင်း | --- | --- | ၁၉ |

http://www.dhammadownload.com

| အကြောင်းအရာ | | | စာမျက်နှာ |
| --- | --- | --- | --- |
| (ဃ) အထွေထွေ | --- | --- | ၂၀ |
| နိဂုံး | --- | --- | ၂၁ |
| ပုံစံ ၇၅- (က) | --- | --- | ၂၂ |
| ပုံစံ ၇၅- (ခ) | --- | --- | ၂၅ |
| ပုံစံ ၇၅- (ဂ) | --- | --- | ၂၆ |
| ပုံစံ ၇၅- (ဃ) | --- | --- | ၂၈ |
| ညွှန်ကြားလွှာ အမှတ်(၇၂) | --- | --- | ၃၀ |
| ညွှန်ကြားလွှာ အမှတ်(၇၅) | --- | --- | ၃၈ |
| ဝန်ကြီးအဖွဲ့ အမိန့်ကြော်ငြာစာ အမှတ် ၂၀/၈၆ | --- | --- | ၄၇ |

---

http://www.dhammadownload.com

http://www.dhammadownload.com

# နိဒါန်း

၁။ ၁၃၄၆-ခုနှစ်၊ ဝါဆိုသံဃာစာရင်းအရ ပြည်ထောင်စုဆိုရှယ်လစ် သမ္မတမြန်မာနိုင်ငံတော်၌ ရဟန်းသာမဏေပေါင်း (၁၁၂၈၅၁) ပါး ရှိပါသည်။ ထိုရဟန်းသာမဏေများအနက်မှ ၁-ရာခိုင်နှုန်းမျှလောက်သာ ရှိမည်ဟု ခန့်မှန်းရသော ရဟန်းဆိုး, သာမဏေဆိုးတို့သည် မိမိတို့၏ ရဟန်းသိက္ခာ, သာမဏေသိက္ခာများနှင့် မလျော်ညီသော ကာယကံမှု, ဝစီကံမှုများကို ကျူးလွန်ကြပါသည်။ ထိုကဲ့သို့ ကျူးလွန်ကြခြင်းအားဖြင့် အခြားသီတင်းသုံးဖော် ရဟန်းကောင်း, သာမဏေကောင်းတို့၏ ရဟန်းသိက္ခာ, သာမဏေသိက္ခာများကို မှေးမှိန်စေရာရောက်ပါသည်။ ထိုကဲ့သို့ မှေးမှိန်စေရာ ရောက်ခြင်းအားဖြင့် မြတ်စွာဘုရား၏သာသနာတော် အဓွန့်ရှည်စွာ တည်ရှိမှုကို အန္တရာယ်ပြုရာ ရောက်ပါသည်။ ထို့ကြောင့် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့သည် သာသနာတော် သန့်ရှင်းတည်တံ့ပြန့်ပွားရေးအတွက် ဆောင်ရွက်ရန် မိမိအား လုပ်ပိုင်ခွင့်ပေးထားသော သံဃာ့အဖွဲ့အစည်း အခြေခံစည်းမျဉ်း ပထမအကြိမ် ပြင်ဆင်ဖြည့်စွက်ချက် အခန်း(၁၈)၊ အပိုဒ်-၁၀၁, အရ အဆိုပါရဟန်းဆိုး, သာမဏေဆိုးတို့၏ အကျင့်သီလဖောက်ဖျက်မှုကို နှိမ်နင်းစေခြင်းငှာ ညွှန်ကြားလွှာများကို ထုတ်ပြန်ပြီး ညွှန်ကြားချက်အတိုင်း လိုက်နာဆောင်ရွက်ကြရန် သံဃနာယကအဖွဲ့ အဆင့်ဆင့်တို့အား ညွှန်ကြားခဲ့သည်။ နိုင်ငံတော်ကောင်စီကလည်း နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၏ ညွှန်ကြားလွှာများပါ အတိုင်း အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ပံ့ပိုးကူညီကြရန် အတွက် မြို့နယ်/တိုင်း ပြည်သူ့ကောင်စီ အလုပ်အမှုဆောင်အဖွဲ့များအား ညွှန်ကြားခဲ့ပါသည်။

http://www.dhammadownload.com

၂။ သံဃနာယကအဖွဲ့အဆင့်ဆင့်နှင့် အာဏာပိုင်အဖွဲ့အစည်းအဆင့်ဆင့်တို့သည် သာသနာတော်သန့်ရှင်းတည်တံ့ ပြန့်ပွားရေးအတွက် ဓမ္မစက်နှင့် အာဏာစက် ပူးပေါင်းပြီး အုပ်ချုပ်ရေးနည်းအရ ဆောင်ရွက်ကြရာတွင် အချို့သော ရဟန်းဆိုး, သာမဏေဆိုးတို့ ပ,ပျောက်သွားကြသော်လည်း အချို့သော ရဟန်းဆိုး, သာမဏေဆိုးတို့သည် ရှိမြဲရှိလျက်ပင် ရှိနေကြကြောင်း တွေ့ရှိရပါသည်။ ထိုသို့ ရှိမြဲရှိလျက် ရှိနေကြသော ရဟန်းဆိုး သာမဏေဆိုးတို့၏ အကျင့်သီလ ဖောက်ဖျက်မှုကို သံဃနာယကအဖွဲ့အဆင့်ဆင့်နှင့် အာဏာပိုင်အဖွဲ့အစည်း အဆင့်ဆင့်တို့သည် အုပ်ချုပ်ရေးနည်းအရ နှိမ်နင်းရာတွင် မအောင်မြင်ကြောင်း တွေ့ရှိလာရပါသည်။

၃။ ထို့ကြောင့် အဆိုပါ ရဟန်းဆိုး, သာမဏေဆိုးတို့၏ အကျင့်သီလဖောက်ဖျက်မှုကို နှိမ်နင်းရာတွင် တရားရေးနည်းအရ ဆောင်ရွက်နိုင်စိမ့်သောငှာ ဒုတိယအကြိမ် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ တတိယအစည်းအဝေးက ဝိနည်းဓမ္မကံ အဓိကရုဏ်းမှုခင်းများ ဖြေရှင်း ဆုံးဖြတ်ရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများ(ပြင်ဆင်ဖြည့်စွက်ချက်)အပိုဒ် ၄၇-ကို ပြင်ဆင်ဖြည့်စွက်ခဲ့ပါသည်။

၄။ ထိုသို့ တရားရေးနည်းအရ ဆောင်ရွက်ရာတွင် အုပ်ချုပ်ရေးဆိုင်ရာ သံဃနာယကအဖွဲ့များနှင့် တရားရေးဆိုင်ရာ သံဃဝိနိစ္ဆယအဖွဲ့တို့အနေဖြင့် မိမိတို့၏ ဆိုင်ရာဆိုင်ရာ ဆောင်ရွက်ရမည့် လုပ်ထုံးလုပ်နည်းများကို ကွဲပြားစွာ သိရှိနိုင်ရန် ညွှန်ကြားလွှာအမှတ်(၇၅) ရှင်းလင်းပွဲကို ပြုလုပ်ခဲ့ပါသည်။ ရှင်းလင်းပွဲပြုလုပ်ခြင်း၏ ရည်ရွယ်ချက်မှာ ဝိနည်းဓမ္မကံ အဓိကရုဏ်းမှုခင်းများ ဖြေရှင်းဆုံးဖြတ်ရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများ(ပြင်ဆင်ဖြည့်စွက်ချက်) အပိုဒ် ၄၇၊ ထပ်မံပြင်ဆင်ဖြည့်စွက်ချက်ပါ အမှုအခင်းများပေါ်ပေါက်တိုင်း သံဃဝိနိစ္ဆယအဖွဲ့ဖြင့် ဆောင်ရွက်ရန် မဟုတ်ဘဲ သံဃနာယကအဖွဲ့များက မိမိတို့တာဝန်အလိုက် အပြည့်အဝ

http://www.dhammadownload.com

ဆောင်ရွက်ပြီး ထိုဆောင်ရွက်ချက် မအောင်မြင်သောအခါမှသာ တရားရေးဆိုင်ရာ သံဃဝိနိစ္ဆယအဖွဲ့များဖြင့် ဆောင်ရွက်ရန် ဖြစ်ပါသည်။

၅။ သို့ဖြစ်ပါ၍ ဒုတိယဗောဓိခေါ် ဝါတော် ၂၀-ကျော်ကာလမှစ၍ အကျိုးထူးတရား (၁၀) ပါးအတွက် ဝိနည်း သိက္ခာပုဒ်တော်များကို ပညတ်တော်မူခဲ့သော သဗ္ဗညုဘုရားရှင်၏ သာသနာတော် အစွန့်ရှည်စွာ တည်ရှိပါစေခြင်းငှါ ရဟန်းကောင်း, သာမဏေကောင်းတို့၏ ရဟန်းသိက္ခာ, သာမဏေသိက္ခာ မြင့်မားပါစေခြင်းငှါ ရဟန်းဆိုး, သာမဏေဆိုးတို့၏ အကျင့်သီလ ဖောက်ဖျက်မှုကို နှိမ်နင်းခြင်းငှာ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့က ဉာဏ်ညွှန်ကြားလွှာ အမှတ် (၇၅) ဖြင့် အရေးယူခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများကို အတည်ပြုထုတ်ပြန်ခြင်း ဖြစ်ပါသည်။

http://www.dhammadownload.com

http://www.dhammadownload.com

# အထူးကြော်ငြာရေးချက်

နိုင်ငံတော် သံဃမဟာနာယက အဖွဲ့အနေဖြင့် ညွှန်ကြားလွှာ (၇၅) ကို ထုတ်ပြန်ရာတွင် အထူးအလေးထားဆောင်ရွက်ခဲ့ကြပါသည်။ ဆောင်ရွက်ပုံကို သိရှိတော်မူကြရန် တင်ပြလျှောက်ထားရလျှင် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အလှည့်ကျ (တတိယအဖွဲ့ခွဲ)သည် အခြေအနေနှင့် အချိန်အခါအရ လိုအပ်သော ညွှန်ကြားလွှာများကို ထုတ်ပြန်ညွှန်ကြားနိုင်ပါသည်။ ညွှန်ကြားလွှာ (၇၅)သည် (တတိယအဖွဲ့ခွဲ) တာဝန်ကာလတွင် ပေါ်ပေါက်လာသောအကြောင်းအမျိုးမျိုးကြောင့် ထုတ်ပြန်ခဲ့သော ညွှန်ကြားလွှာဖြစ်ပါသည်။ သို့ရာတွင် ညွှန်ကြားလွှာပါ အချက်များကို ဆောင်ရွက်ရာ၌ သာသနာတော်၏အကျိုး တိုးတက်ရာတိုးတက်ကြောင်း မဖြစ်ဘဲ အပြစ်တွေသာ များပြားရှုပ်ထွေးလာမည့်အရေးကို စိုးရိမ်ကြောင့်ကြတော်မူသောကြောင့် (တတိယအဖွဲ့ခွဲ) အနေဖြင့် ထုတ်ပြန်ဆောင်ရွက်စေခြင်းမပြုဘဲ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ (၄၇)ပါး စုံညီအစည်းအဝေးသို့ တင်ပြအတည်ပြုချက် ရယူပြီးသည်အထိ အလေးအနက် ထားခဲ့ကြပါသည်ဘုရား။

နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ (၄၇)ပါး စုံညီအစည်းအဝေး၌ အပြန်ပြန်အလှန်လှန် အလေးအနက် ဆွေးနွေးဝေဖန်ခဲ့ကြပြီးနောက် ထုတ်ပြန်သင့်သော ညွှန်ကြားလွှာဖြစ်ကြောင်း လက်ခံတော်မူကြသော်လည်း ကောင်းသောရည်ရွယ်ချက်အတိုင်းဖြစ်မလာမည်ကို စိုးရိမ်ကြောင့်ကြတော်မူကြသဖြင့် မူလရည်ရွယ်ချက်မပျက် တစ်ပြေးညီ ဆောင်ရွက်ကြစေရေးအတွက် ယခုကဲ့သို့ အဆင့်ဆင့်ရှင်းလင်းပြီးမှ ဆောင်ရွက်ကြစေရန် စီမံရခြင်း ဖြစ်ပါသည်ဘုရား။

http://www.dhammadownload.com

နိုင်ငံတော် သံဃမဟာနာယကအဖွဲ့က ထိုမျှလောက်အလေးအနက်ထားဆောင်ရွက်ခဲ့သည့်အားလျော်စွာ ပြည်နယ်/တိုင်း/မြို့နယ်သံဃနာယကအဖွဲ့များကလည်း ချို့ယွင်းတိမ်းစောင်းမှုမဖြစ်ပေါ်စေဘဲ သူတော်ကောင်းတို့ ကောင်းချီးမပေးသည့်တိုင် အပြစ်ဆိုဖွယ်မရှိသော ဆောင်ရွက်မှုမျိုးဖြစ်အောင် ကြိုးစားကြစေလိုပါသည်ဘုရား။ လိုရင်းချုပ်လျှောက်ထားလိုသည်မှာ ဘုရားရှင်၏ မျက်နှာကိုလည်းမထောက်၊ သာသနာတော်၏ ကျေးဇူးဂုဏ်ကိုလည်း မစောင့်၊ မိမိ၏ နောင်ရေးကိုလည်း သတိမရောက် ပေါက်လွှတ်ပဲစား ထင်ရာသွားလာလှုပ်ရှားပြီး သာသနာတော်တစ်ရပ်လုံးကို မထီမဲ့မြင် ပြုမူနေထိုင်သူများအတွက် သာသနာတော်ဘက်က ရပ်တည်ကာကွယ်စောင့်ရှောက်နိုင်ကြဖို့ ရည်ရွယ်ရင်းရှိပါသည်ဘုရား။

ထိုသို့ရည်ရွယ်ရင်းရှိသည့်အားလျော်စွာ သာသနာတော်ကို မကြည်ညိုသေးသောသူများ ကြည်ညိုဆည်းကပ်နိုင်စေရန်၊ ကြည်ညိုပြီးသောပုဂ္ဂိုလ်များ သဒ္ဓါတရားပွါးများသည်ထက် ပွါးများလာစေရန်နှင့် သာသနာတော်ကို မှီခိုနေထိုင်ပါလျက် သာသနာတော်၏ ဂုဏ်သိက္ခာကိုလည်း မထောက်၊ သာသနာ့ဝန်ထမ်း ရဟန်းအချင်းချင်းကိုလည်း မငဲ့၊ ဒါယကာတို့၏ သဒ္ဓါတရားကို ဖျက်ဆီးလျက် ဖျက်စီးချင်တိုင်း ဖျက်စီးနေသော သက်န်းဝတ်များကို စနစ်တကျ ဖယ်ရှား တားဆီးသွားကြဖို့ ဖြစ်ပါသည်ဘုရား။ မိမိတို့ဆောင်ရွက်ချက်သည် သာသနာ့ဝန်ထမ်း ရဟန်းသာမဏေများကလည်း ကျေနပ်၊ လူဒါယကာများကလည်း ထောက်ခံအားပေးသော ဆောင်ရွက်ချက်မျိုးဖြစ်ရန် အထူးလိုအပ်ပါကြောင်း လျှောက်ထားတင်ပြအပ်ပါသည် ဘုရား။

**နိုင်ငံတော် သံဃမဟာနာယကအဖွဲ့**

နေ့စွဲ၊ ၁၃၄၉-ခုနှစ်၊ ဝါခေါင်လပြည့်ကျော် (၄) ရက်၊
၁၉၈၇-ခုနှစ်၊ ဩဂုတ်လ (၁၃) ရက်

http://www.dhammadownload.com

# ညွှန်ကြားလွှာ (၇၅) အရ အရေးယူဆောင်ရွက်ရာတွင် ကျူးလွန်သည့် ပြစ်မှုများကို ကာလဒေသ အခြေအနေများအရ တစ်ပြေးညီ အရေးယူဆောင်ရွက်နိုင်ကြရေးအတွက် ရှင်းလင်းချက်

## အပိုင်း (၁)

### အရေးယူမှုအမျိုးအစား

(က) ကျောင်းစည်းမျဉ်းမလိုက်နာမှု

(၁) ကျောင်း / ကျောင်းတိုက်စည်းမျဉ်း မလိုက်နာမှုဆိုရာ၌ ညွှန်ကြားလွှာ(၇၂)ပါ ကျောင်းစည်းကမ်း(၉)ချက်သည် ကျောင်း/ကျောင်းတိုက်အားလုံး၏ စည်းကမ်း ဖြစ်သဖြင့် ယင်း စည်းကမ်းကို ဖောက်ဖျက်ကျူးလွန်ရာ၌ မြို့နယ်သံဃနာယကအဖွဲ့သို့ ယင်းစည်းမျဉ်းကို ကြိုတင်ပေးပို့ထားခြင်းမရှိသော်လည်း အရေးယူနိုင်သည်။

(၂) ယင်းစည်းကမ်း (၉)ချက်မှတစ်ပါး ကျောင်း/ကျောင်းတိုက်များအလိုက် သီးခြား ရေးဆွဲပြဋ္ဌာန်းထားသော ကျောင်းစည်းမျဉ်းများအရ အရေးယူရာတွင်မူ ယင်းရေးဆွဲပြဋ္ဌာန်းထားသော ကျောင်းစည်းမျဉ်း၂-စောင်ကို မြို့နယ်သံဃနာယကအဖွဲ့သို့ မှုခင်းမဖြစ်ပွားမီ ရက်ပေါင်း (၃၀)ကြိုတင်ပေးပို့ထားသော စည်းမျဉ်းဖြစ်ရန် လိုအပ်သည်။

(၃) မြို့နယ်သံဃနာယက အဖွဲ့များသည် တင်ပြလာသော ကျောင်း / ကျောင်းတိုက် အသီးသီး၏ စည်းမျဉ်းများကို

http://www.dhammadownload.com

မွေ့ဝိနယနှင့်ဆန့်ကျင်မှု ရှိ-မရှိ အစည်းအဝေးတွင် တင်ပြဆွေးနွေးကြရန် ဖြစ်သည်၊ ဆန့်ကျင်မှုမရှိသော ကျောင်း/ကျောင်းတိုက် စည်းမျဉ်းများကို အတည်ပြု၍ မြို့နယ်သံဃနာယကအဖွဲ့ တံဆိပ် ရိုက်နှိပ်လက်မှတ်ထိုးပြီး တစ်စောင်ကို လက်ခံအဖြစ်ထားလျက် တစ်စောင်ကို ကျောင်း/ကျောင်းတိုက် အသီးသီးသို့ ပြန်လည်ပေးအပ် အသိအမှတ်ပြုထားရန် ဖြစ်သည်။

(၄) ကျောင်းထိုင်ဘုန်းကြီး/ကျောင်းတိုက်နာယက ဆရာတော်ကို ခန်းနေ ရဟန်း, သာမဏေများက စောဒကပြု၍ စွဲဆိုခွင့် မရှိ၊ ကျောင်းထိုင်ဘုန်းကြီး/ကျောင်းတိုက် နာယကများ၏ ပြစ်မှုကျူးလွန်မှုကို တွေ့ရှိပါက ရပ်ကွက်/ကျေးရွာအုပ်စု သံဃနာယကအဖွဲ့သို့ သတင်းပို့တိုင်ကြားနိုင်သည်။ မြို့နယ် သီးခြားသံဃဝိနိစ္ဆယအဖွဲ့ဖြင့် မလွဲမသွေ စစ်ဆေးရမည့်အမှုမျိုးမဟုတ်လျှင် ရပ်ကွက်/ကျေးရွာအုပ်စု သံဃနာယကအဖွဲ့သည် သံဃာ့အဖွဲ့အစည်း လုပ်ထုံးလုပ်နည်းများ အပိုဒ် ၉၃-ပါ ပြဋ္ဌာန်းချက်များနှင့်အညီသာ ဆောင်ရွက်ကြရန် ဖြစ်သည်။

(၅) သံဃာ့အဖွဲ့အစည်း လုပ်ထုံးလုပ်နည်းများ အပိုဒ် ၉၃-အရ အရေးယူရမည့်မှုခင်းတွင် စုဒိတကသည် ရပ်ကွက်/ကျေးရွာအုပ်စု သံဃနာယကအဖွဲ့ဥက္ကဋ္ဌ/အကျိုးတော်ဆောင်ဆရာတော်ဖြစ်နေခဲ့သော် မြို့နယ်သံဃနာယကအဖွဲ့က ခေါ်ယူဆုံးမရန်နှင့် ဆုံးမသြဝါဒကို မနာခံပါက နီးစပ်ရာရပ်ကွက်/ကျေးရွာအုပ်စု သံဃနာယကအဖွဲ့သို့ စောဒကပြုစွဲဆိုစေရန်။

http://www.dhammadownload.com

(၆) သီးခြားဂိုဏ်းဝင် ကျောင်း/ကျောင်းတိုက်များသည် သက်ဆိုင်ရာဂိုဏ်း၏ မြို့နယ်သံဃနာယကအဖွဲ့သို့ တင်ပြစွဲဆိုခွင့်ရှိသည်၊ သို့ရာတွင် သက်ဆိုင်ရာ မြို့နယ်သံဃနာယကအဖွဲ့ မရှိသောဒေသ၌ ပြစ်မှုကျူးလွန်သဖြင့် စောဒကပြုစွဲဆိုလာပါက ပြစ်မှုအားလျော်စွာ ပြစ်မှုကျူးလွန်ရာဒေသရှိ မြို့နယ်သံဃနာယကအဖွဲ့က ဆောင်ရွက်ခွင့်ရှိသည်။ ဆိုလိုသည်မှာ မည်သည့်ဂိုဏ်းဝင် ပုဂ္ဂိုလ်ပင်ဖြစ်စေကာမူ အရပ်တစ်ပါး၌ ပြစ်မှုကျူးလွန်ပါက ယင်းဒေသရှိ မြို့နယ်သံဃနာယကအဖွဲ့က ဆောင်ရွက်ခွင့်ရှိသည်ဟူ၍ ဖြစ်ပါသည်။

**(ခ) ညွှန်ကြားလွှာ (၇၂) ပါ စည်းကမ်းကျင့်ဝတ်များကို မလိုက်နာမှု**

(၁) ပြစ်မှုဆိုင်ရာ တည်ဆဲဥပဒေတစ်ရပ်ရပ်နှင့် ငြိစွန်းသောမှုခင်းများကို အာဏာပိုင်အဖွဲ့အစည်းများက ဥပဒေအရ အရေးယူကြမည်ဖြစ်သည်၊ ယင်းသို့ အရေးယူပြီးနောက် ပြစ်ဒဏ်ကျခံရသည်ဖြစ်စေ၊ မကျခံရသည်ဖြစ်စေ မြို့နယ်သံဃနာယကအဖွဲ့က မြို့နယ်သီးခြား သံဃဝိနိစ္ဆယအဖွဲ့ဖြင့် မလွှဲမသွေ စစ်ဆေးအရေးယူကြရမည် ဖြစ်သည်။

(၂) ကျောင်းထိုင်ဘုန်းကြီး/ကျောင်းတိုက်နာယက ဆရာတော်များကို အရေးယူရာ၌ ရပ်ကွက်/ကျေးရွာအုပ်စု သံဃနာယကအဖွဲ့၏ အစည်းအဝေးဆုံးဖြတ်ချက်ဖြင့် ကိုယ်စားလှယ်တစ်ပါးကို သတ်မှတ်ဆောင်ရွက်စေရန် ဖြစ်သည်။ တစ်ဖွဲ့လုံးက စောဒကပြုနေပါလျှင် စောဒကအများကို စစ်ဆေးနေရသဖြင့် အချိန်ကုန်လူပန်း ဖြစ်မည်။

http://www.dhammadownload.com

(၃) ခန်းနေ ရဟန်းသာမဏေများကို အရေးယူရာ၌လည်း ကျောင်း/ကျောင်းတိုက်စည်းမျဉ်းအရ ကျောင်းတိုက်မှ အပပြုရန်သာဖြစ်သော ပြစ်မှုမျိုး၌ ကျောင်းထိုင်ဘုန်းကြီး/ ကျောင်းတိုက်နာယကဆရာတော်၏ အမိန့်ကို မလိုက်နာမှသာ မြို့နယ် သီးခြားသံဃဝိနိစ္ဆယအဖွဲ့ဖြင့် စစ်ဆေးရမည်။ အမိန့်ကို လိုက်နာထွက်ခွာသွားသော ရဟန်းသာမဏေကို မြို့နယ်သီးခြား သံဃဝိနိစ္ဆယအဖွဲ့ ဖွဲ့စည်းစစ်ဆေးရန်မလို။

(၄) အာဏာပိုင်အဖွဲ့အစည်း/ဒါယကာတို့က တွေ့ရှိပင့်ခေါ်၍ စောဒကပြုလုပ်တင်ပြလာသော မှုခင်းမျိုး၌ စုဒိတက ရဟန်းသာမဏေသည် အခြားဂိုဏ်းဝင်ကျောင်းမှ ရဟန်းသာမဏေဖြစ်ပါက သက်ဆိုင်ရာဂိုဏ်း၏ မြို့နယ်သံဃနာယကအဖွဲ့သို့ စာဖြင့် ရေးသား လွှဲပြောင်း ဆောင်ရွက်စေရမည်၊ သက်ဆိုင်ရာဂိုဏ်း၏ မြို့နယ်သံဃနာယကအဖွဲ့ မရှိပါက ပို့အပ်ရောက်ရှိရာဌာန မြို့နယ်သံဃနာယကအဖွဲ့ကပင် လက်ခံဆောင်ရွက်သွားရန်ဖြစ်သည်။

(၅) ကျောင်းထိုင်ဘုန်းကြီးကို နှင်ထုတ်ဖယ်ရှားပါက ယင်းစုဒိတကကျောင်းထိုင်ဘုန်းကြီး နှစ်သက်ရာ ရဟန်းတစ်ပါးကို ကျောင်းစောင့်အဖြစ် တာဝန်ပေးရမည်၊ စုဒိတကကျောင်းထိုင်ပုဂ္ဂိုလ်က အစောင့်အရှောက်ရဟန်း တစ်ပါးကို တင်ပြနိုင်ခြင်း မရှိပါက မြို့နယ် သံဃနာယကအဖွဲ့သည် ခန်းနေ ရဟန်းတစ်ပါးအား ယာယီကျောင်းစောင့် ဖြစ်ကြောင်း သဘောပေါက်အောင် ရှင်းလင်းပြောပြပြီး တာဝန်ပေးရမည်။ ထိုသို့ အစောင့်တာဝန် ပေးအပ်ရာ၌လည်း မရွေ့

http://www.dhammadownload.com

ပြောင်းနိုင်သောပစ္စည်း၊ ရွှေ့ပြောင်းနိုင်သောပစ္စည်းများကို သက်သေစုံရာရှေ့တွင် စာရင်းဇယား ပြုစု အပ်နှံခြင်း၊ (သို့မဟုတ်) သီးခြား ကျောင်းဆောင်/အခန်းတစ်ခု၌ ပစ္စည်းများ ထည့်သွင်း ချိတ်ပိတ်ထားခြင်းဖြင့် စနစ်တကျ လွှဲအပ်ရမည်။

(၆) နိုင်ငံတော် သံဃမဟာနာယကအဖွဲ့က ယင်းကျောင်းထိုင် ဘုန်းကြီး ကျူးလွန်သော ပြစ်မှုနှင့် ရပ်ကွက်/ကျေးရွာ အုပ်စု/မြို့နယ် သံဃနာယကအဖွဲ့များ၏ ထောက်ခံချက်များအပေါ် မူတည်၍ ပြန်လည်နေထိုင်ခွင့်ကို စဉ်းစားမည် ဖြစ်သည်။ လုံးဝပြန်လည်နေထိုင်ခွင့် မပြုရာ၌ ကျောင်းထိုင် ဘုန်းကြီး အသစ်တင်မြှောက်ထားရှိရေးနှင့် ပတ်သက်၍ နိုင်ငံတော် သံဃမဟာနယယကအဖွဲ့က သီးခြားသတ်မှတ် ညွှန်ကြားမည် ဖြစ်သည်။

(၇) ပါရာဇိကလောက်သော မှုခင်းဆိုသည်မှာ သက်သေ အထောက်အထား အထင်အရှားဖြင့် ပါရာဇိကအာပတ်ကိုလည်းကောင်း, ပါရာဇိကဝတ္ထုကိုလည်းကောင်း ဖော်ပြ၍ စောဒနာလာသော မှုခင်းကို ဆိုလိုသည်။ မာတုဂါမများနှင့်ရောနှောနေထိုင်မှုစသော မရေရာသော စွပ်စွဲချက်များ ဖော်ပြစွပ်စွဲဆိုလာလျှင်မူ ဤညွှန်ကြားလွှာ (၇၅) အရသာ ဆောင်ရွက်ရန် ဖြစ်သည်။

**(ဂ) ကျောင်းအဖြစ်အသိအမှတ်မပြုသော အဆောက်အအုံ၌ နေထိုင်မှု**

(၁) ကျောင်းအဖြစ် အသိမှတ်မပြုသော အဆောက်အအုံ၌ (သို့မဟုတ်) သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်က မဆောက်လုပ်ရန်

http://www.dhammadownload.com

တားမြစ် ကန့်ကွက်ထားပါလျက် ဆက်လက်ဆောက်လုပ်နေသော အဆောက်အအုံ၌ နေထိုင်သော ရဟန်း သာမဏေများကို တွေ့ရှိပါက ရပ်/ကျေးသံဃနာယကအဖွဲ့က မြို့နယ်သံဃနာယက အဖွဲ့သို့ အစီရင်ခံတင်ပြရမည်။

(၂) မြို့နယ် သံဃနာယကအဖွဲ့သည် ပြည်နယ်/ တိုင်း သံဃနာယက အဖွဲ့သို့ ကြောင်းကျိုးဖော်ပြ လျှောက်ထားရမည်။

(၃) ပြည်နယ်/တိုင်း သံဃနာယကအဖွဲ့သည် ပြည်နယ်/တိုင်း သာသနာရေးမှူးအား ကျူးကျော်ကျောင်းမှ ထွက်ခွာပေးရေး အတွက် စောဒကပြုလုပ် ဆောင်ရွက်ရန် ညွှန်ကြားရမည်။

(၄) ပြည်နယ်/တိုင်း သာသနာရေးမှူးများသည် ယင်းပြစ်မှုဖြင့် အရေးယူရာ၌ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၏ ကျောင်း အဖြစ်အသိအမှတ်မပြုကြောင်း အတည်ပြုဆုံးဖြတ်ချက်ကို တောင်းခံရယူပြီးမှသာ ဆောင်ရွက်ကြရန်ဖြစ်သည်၊ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့သည် အခါအားလျော်စွာ ခွင့်ပြုသင့် သော ကျောင်းများကို ခွင့်ပြုလျက်ရှိသောကြောင့် အမှား အယွင်းမရှိစေရန်ဖြစ်သည်။

**(ဃ) သံဃာ့အဖွဲ့အစည်း လုပ်ထုံးအပိုဒ် ၉၃(ဋ)အရ အရေးယူမှု**

(၁) ယင်းလုပ်ထုံးအရ အရေးယူရာတွင် ရပ်ကွက်/ကျေးရွာအုပ်စု သံဃနာယကဆရာတော်များသည် ဒိဋ္ဌရှိမှ/သုတ (တိုင်ကြား လာသူ)ရှိမှ ဆောင်ရွက်ကြရန်ဖြစ်သည်၊ ယင်းသို့ဆောင်ရွက် ကြရာ၌လည်း အထက်စီးဖြင့် ပြောဆို ဆက်ဆံခြင်းမျိုး မပြုကြဘဲ သိတင်းသုံးဖော်အချင်းချင်း ပြေပြစ်စွာပြောဆို ဆက်ဆံကြရမည်။ ကျောင်း/ကျောင်းတိုက်သိက္ခာကျအောင် ဆောင်ရွက်မှုမျိုးမဟုတ် ကြောင်း သိရှိအောင်လည်း မိမိ မြင်တွေ့ရပုံ မိမိကြားသိရပုံကို

http://www.dhammadownload.com

အထင်အရှားပြောကြားရန် လိုအပ်သည်။ ယင်းအပိုဒ် ၉၃-အရ ဆောင်ရွက်ရာတွင် အထက်(က ) (ခ) (ဂ)ပါ ဖြစ်မှုမျိုးမှ တစ်ပါးသော ကျူးလွန်မှု များကိုသာ ဆောင်ရွက်ကြရန်ဖြစ်သည်။

(၂) ဒိဋ္ဌ/သုတရှိ၍ အရေးယူရာတွင် ကျောင်း/ကျောင်းတိုက် ပြင်ပဋ္ဌဖြစ်ပါက သက်ဆိုင်ရာ ပြည်သူ့ကောင်စီ/သက်သေ ပြုလောက်သည့် လူဒါယကာတို့၏ အကူအညီဖြင့် ခေါ်ယူ ပင့်ဆောင်စေ၍ ဆုံးမမှု အရေးယူမှုပြုရမည်။

(၃) စုဒိတကထံမှ သောဓနာလွှာတောင်းခံရန် မလိုဟု ဆိုသော်လည်း စုဒိတက၏ ထွက်ဆိုချက်နှင့် ယင်းသက်သေတို့၏ ထွက်ဆိုချက် များကိုမူ ပြည့်စုံရုံမျှ လိုရင်းတိုရှင်း မှတ်တမ်းတင်ရန် လိုအပ်သည်။

(၄) စောဒနာလွှာပါ စွပ်စွဲချက်များနှင့် စပ်လျဉ်း၍ စုဒိတကကို စေ့စေ့စပ်စပ် မေးမြန်းစစ်ဆေးရမည်။ (၃)ရက်အတွင်း အပြီးသတ် ဆုံးဖြတ်ရမည်ဖြစ်သဖြင့် ယင်း(၃)ရက်အတွင်း မလာမရောက်နိုင် သော သက်သေနှင့် မတင်ပြနိုင်သော အထောက်အထားများကို လက်ခံစစ်ဆေး ဆောင်ရွက်ရန် မလို။

## (င) အထွေထွေ

(၁) ဆုံးဖြတ်ချက်ချမှတ်သည့်နေ့တွင် သက်ဆိုင်ရာ မြို့နယ် သာသနာ ရေးမှူးနှင့် မြို့နယ်ပြည်သူ့ကောင်စီတို့ကို တက်ရောက်စေ၍ ဆုံးဖြတ်ချက်အတိုင်း လိုက်နာစေရေးအတွက် မြို့နယ်သံဃ- နာယက အဖွဲ့က ဆုံးဖြတ်ချက်နှင့်အညီ အကောင်အထည်ဖော် ဆောင်ရွက်ပေးရေးကို တစ်ပါတည်း ညွှန်ကြားရမည်။

(၂) ယင်းသို့ ညွှန်ကြား၍ အကောင်အထည်ဖော်ပြီးမှ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့သို့ အမှုတွဲအပြည့်အစုံနှင့်တကွ တင်ပြ ရမည်။

http://www.dhammadownload.com

# အပိုင်း (၂)

## ပြစ်မှုနှင့်ပြစ်ဒဏ်

(က) အရက်သေစာ သောက်စားမှု

(၁) ကျောင်းတွင်းသောက်စားမှု၊

(၂) ကျောင်းပြင်သောက်စားမှု၊

(၃) မူးယစ်ရမ်းကားမှု၊

(၁) ကျောင်းတွင်းသောက်စားမှုအတွက် တည်ဆဲပြစ်မှုဆိုင်ရာ ဥပဒေအရ အရေးယူခြင်းခံရလျှင် ကျောင်းမှ မလွှဲမသွေ နှင်ထုတ်ရမည်။ အရေးယူခြင်းမခံရလျှင် ကျောင်းထိုင်ဘုန်းကြီး/ကျောင်းတိုက်နာယက၏ ဆန္ဒအရ ပြစ်ဒဏ်ပေးနိုင်သည်။

(၂) ကျောင်းပြင် သောက်စားမှုအတွက် တည်ဆဲ ဥပဒေအရ အရေးယူခြင်း ခံရသည်ဖြစ်စေ၊ မခံရသည် ဖြစ်စေ ကျောင်းမှအပ ပြုရမည်။

(၃) ကျောင်းတွင်းမူးယစ်ရမ်းကားမှုအတွက် ကျောင်းတိုက်မှ နှင်ရမည်။ ကျောင်းပြင်ပ မူးယစ်ရမ်းကားမှုအတွက် မြို့နယ် သီးခြားသံဃဝိနိစ္ဆယအဖွဲ့ဖြင့် ဆုံးဖြတ်၍ မြို့နယ်မှအပ ပြုသည့် ပြစ်ဒဏ်ချမှတ်ရမည်။

(၄) ကျောင်းတိုက်၏အပြင် လူမြင်ကွင်းတွင် ဝိကာလဘောဇနေ သိက္ခာပုဒ်ကို ကျူးလွန်သည့် ရဟန်းသာမဏေကို ကျောင်းထိုင်ဘုန်းကြီး/ကျောင်းတိုက်နာယက ဆရာတော်က ကျောင်း/ကျောင်းတိုက်မှ နှင်ထုတ်ရမည်။

http://www.dhammadownload.com

(ခ) မူးယစ်ဆေးဝါးမှီဝဲမှု

(၁) မူးယစ်ဆေးဝါးမှီဝဲမှုဆိုသည်မှာ မူးယစ်ဆေးဝါးဥပဒေ၌ အကျုံးဝင်သော ဘိန်းဖြူ ဘိန်းမည်းနှင့်တကွ ဖင်ဆီဒိုင်း ချောင်းဆိုးပျောက်ဆေးရည်၊ ဘိန်းပါသောဟူးလက်ဆေး ရည်၊ ကိုးရက်(စ်)ချောင်းဆိုးပျောက်ဆေးရည် စသည် တို့ကို မူးယစ်ဆေးဝါးအဖြစ် ကိုယ်တိုင်မှီဝဲခြင်း၊ မှီဝဲစေခြင်း၊ အများ အပြား လက်ဝယ်ထားရှိခြင်း၊ သယ်ဆောင်ခြင်းများ ပါဝင် သည်။

ပြစ်ဒဏ်

(၂) တည်ဆဲဥပဒေအရ အရေးယူခံရရာ၌ ပြစ်ဒဏ်ခံရသည် ဖြစ်စေ၊မခံရသည်ဖြစ်စေ မြို့နယ်သီးခြားသံဃဝိနိစ္ဆယအဖွဲ့ ဖြင့်သာ စစ်ဆေးဆုံးဖြတ်ရမည်၊ ပြစ်မှုထင်ရှားပါက မြို့နယ်မှ အပပြုသည့် ပြစ်ဒဏ်ချမှတ်ရမည်။

(ဂ) လောင်းကစားမှု

(၁) ပစ္စည်းငွေကြေးဖြင့် ကိုယ်တိုင်လောင်းကစားခြင်း၊

(၂) ဒိုင်ခံခြင်း၊

(၃) လောင်းကစားဝိုင်းအနီး၌ နေထိုင်ခြင်း။

ပြစ်ဒဏ်

(၁-က) ကိုယ်တိုင်လောင်းကစားခြင်းကို ကျောင်းတွင်း၌ ကျူးလွန် ပါက တည်ဆဲဥပဒေအရ အရေးယူမှုမရှိလျှင် ကျောင်း/ ကျောင်းတိုက် စည်းမျဉ်းအရ ဆောင်ရွက်ခွင့် ရှိသည်၊ တည်ဆဲဥပဒေအရ အရေးယူခြင်းခံရလျှင် ပြစ်ဒဏ်ကျခံရ သည်ဖြစ်စေ မကျခံရသည်ဖြစ်စေ ကျောင်း/ကျောင်းတိုက်မှ

http://www.dhammadownload.com

ကျောင်းထိုင်ဘုန်းကြီး/ကျောင်းတိုက်နာယက ဆရာတော်က နှင်ထုတ်ရမည်။

(၁-ခ) ကိုယ်တိုင် လောင်းကစားခြင်းကို ကျောင်း/ကျောင်းတိုက်မှ အပ၌ ကျူးလွန်ပါက စောဒကရှိလျှင် မြို့နယ်သီးခြားသံဃဝိနိစ္ဆယအဖွဲ့ဖြင့် စစ်ဆေး၍ မြို့နယ်မှအပပြုသည့်ပြစ်ဒဏ်ကို ချမှတ်ရမည်။

(၂) ကျောင်း/ကျောင်းတိုက်အတွင်း၌ဖြစ်စေ၊ ကျောင်း/ကျောင်းတိုက်မှ အပ၌ဖြစ်စေ၊ လောင်းကစားဒိုင်ခံခြင်းပြုသော ပုဂ္ဂိုလ်ကို စောဒကရှိလျှင် မြို့နယ်သီးခြား သံဃဝိနိစ္ဆယအဖွဲ့ဖြင့် ဆုံးဖြတ်၍ မြို့နယ်မှ အပပြုသည့် ပြစ်ဒဏ်ကို ချမှတ်ရမည်။

(၃) လောင်းကစားဝိုင်းအနီးတွင် နေထိုင်သော ရဟန်း/သာမဏေကို ကျောင်းစည်းမျဉ်းအရ ကျောင်းထိုင်ဘုန်းကြီး/ကျောင်းတိုက်နာယကဆရာတော်၏ ဆန္ဒဖြင့် ဆောင်ရွက်နိုင်သည်။

(ဃ) စီးပွားရေးလုပ်ငန်းများလုပ်ကိုင်ခြင်း

(၁) စီးပွားရေးလုပ်ငန်းဆိုသည်မှာ ဆိုက်ကား၊ မြင်းလှည်း၊ မော်တော်ကားထောင်ခြင်း၊ ယင်းတို့ကို အခကြေးငွေယူ၍ နေရာပေးခြင်း၊ စီးပွားဖြစ်မွေးမြူရေးလုပ်ခြင်း၊ ဇာတ်၊ အငြိမ့်ထောင်ခြင်း၊ ဘော်ဒါဆောင်အခန်းငှားခြင်းများ ပါဝင်သည်။

မှတ်ချက်။ ဘဏ်ငွေစုလက်မှတ် ငွေစုစာအုပ် ပြုလုပ်ထားရှိခြင်း၊ အစဉ်အလာ ဝတ်မိုးဝတ်မြေ သီးစားခ ရယူခြင်းများ မပါဝင်ဟု မှတ်ယူရမည်။

http://www.dhammadownload.com

ပြစ်ဒဏ်

(၂) ယင်းပုဂ္ဂိုလ်များကို ရပ်ကွက်/ကျေးရွာအုပ်စု/မြို့နယ်သံဃနာယကအဖွဲ့က သံဃာ့အဖွဲ့အစည်း လုပ်ထုံးလုပ်နည်းများ အပိုဒ်၉၃-အရ အဆင့်ဆင့်ဆုံးမရန်နှင့် ဆုံးမ မရလျှင် မြို့နယ်သီးခြားသံဃဝိနိစ္ဆယအဖွဲ့ဖြင့်စစ်ဆေး၍ကျောင်း/ကျောင်းတိုက်မှ အပပြုသည့် ပြစ်ဒဏ်ကို ချမှတ်ရမည်။

(င) တရားမဝင် မှောင်ခိုပစ္စည်း ထားရှိ ရောင်းဝယ် သယ်ဆောင်ခြင်း

(၁) တရားမဝင် မှောင်ခိုပစ္စည်းဆိုရာ၌ နိုင်ငံတော်က တားမြစ်ထားသော ကုန်ပစ္စည်းများအားလုံး အကျုံးဝင်သည်။

ပြစ်ဒဏ်

(၂) ကျောင်းတွင်း၌ ကျူးလွန်ရာ၌ သက်ဆိုင်ရာအာဏာပိုင်အဖွဲ့အစည်းက တည်ဆဲဥပဒေအရ အရေးယူပြီးမှသာ ကျောင်းမှ နှင်ထုတ်ရန်နှင့်ကျောင်းပြင်ပ၌ကျူးလွန်ပါက သက်ဆိုင်အာဏာပိုင်အဖွဲ့အစည်းကအရေးယူပြီးနောက် ဝိနည်းဓမ္မကံ လုပ်ထုံးလုပ်နည်းများနှင့်အညီ သံဃဝိနိစ္ဆယအဖွဲ့ဖြင့် ဖွဲ့စည်းစစ်ဆေးဆောင်ရွက်ရမည်။

(စ) ပွဲလမ်းသဘင်ကြည့်ရှုမှု

(၁) အခကြေးငွေဖြင့် ကြည့်ရသောပွဲ

(၂) အခမဲ့ပွဲ၊

(၃) ပွဲလမ်းသဘင်၌ ဆူပူရမ်းကားခြင်း၊

(၁) အခကြေးငွေဖြင့် ကြည့်ရသော ပွဲလမ်းသဘင်များကို သွားရောက်ကြည့်ရှုသဖြင့် အရေးယူရာ၌ ဝန်ကြီးအဖွဲ့၏ အမိန့်ကြော်ငြာစာအမှတ် (၂၀/၈၆) အပိုဒ်-၂ (က-ခ-ဂ) တို့အရ

http://www.dhammadownload.com

သက်ဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းက လာရောက်အပ်နှံသော အခါ အရေးယူရန်ဖြစ်သည်။

(၂) အခကြေးငွေဖြင့် ကြည့်ရသော ပွဲကိုဖြစ်စေ၊ အခမဲ့ပွဲကို ဖြစ်စေ သွားရောက်ကြည့်ရှုရာ၌ သက်ဆိုင်ရာက လာရောက် အပ်နှံခြင်း မရှိလျှင် ကျောင်း/ကျောင်းတိုက် စည်းမျဉ်းအရ ကျောင်းထိုင်ဘုန်းကြီး/ကျောင်းတိုက် နာယကတို့၏ သဘောအရသာ အရေးယူရန် ဖြစ်သည်။

ပြစ်ဒဏ်

(၁) အခကြေးငွေဖြင့်ကြည့်ရသောပွဲ၌ သက်ဆိုင်ရာက ပင့်ခေါ် အပ်နှံလျှောက်ထားလာလျှင် ကျောင်းထိုင်ဘုန်းကြီး/ ကျောင်းတိုက် နာယကဆရာတော်သည် ယင်းပုဂ္ဂိုလ်ကို ကျောင်း/ကျောင်းတိုက်မှ နှင်ထုတ်ရမည်။

(၂) အခမဲ့ပွဲကြည့်ရှုရာ၌ ကျောင်းထိုင် ဘုန်းကြီး/ကျောင်းတိုက် နာယကဆရာတော်၏ ဆန္ဒအတိုင်း အရေးယူရန် ဖြစ်သည်။

(၃-က) ပွဲလမ်းသဘင်၌ ဆူပူရမ်းကားသော ပုဂ္ဂိုလ်ကို သက်ဆိုင်ရာ အာဏာပိုင် အဖွဲ့အစည်းက လာရောက် အပ်နှံပါလျှင် မြို့နယ် သီးခြားသံဃဝိနိစ္ဆယအဖွဲ့ဖြင့် စစ်ဆေးပြီး ခရိုင်/ကျေးရွာ အုပ်စုမှ အပပြုသည့် ပြစ်ဒဏ်ချမှတ်ရမည်။

(၃-ခ) အာဏာပိုင် မဟုတ်သော အခြားပုဂ္ဂိုလ်များက လာရောက် အပ်နှံရာ၌ ယင်းဆူပူရမ်းကားသော ပုဂ္ဂိုလ်ကို ကျောင်းထိုင် ဘုန်းကြီး/ကျောင်းတိုက် နာယက ဆရာတော်သည် ကျောင်း/ ကျောင်းတိုက်မှ နှင်ထုတ်ရမည်။

**(ဆ) သီဆိုတီးမှုတ် ကခုန်ပြောင်လှောင်ခြင်း**

(၁) သီဆို တီးမှုတ် ကခုန် ပြောင်လှောင်ခြင်းစသည်၊

(၂) ရမ်းကား ရိုက်နှက်ခြင်း၊

(၃) ဘောလုံးကန်ခြင်း။

http://www.dhammadownload.com

## ပြစ်ဒဏ်

(၁) ကျောင်းတွင်း/ ကျောင်းပြင်၌ သီဆို တီးမှုတ် ကခုန် ပြောင်လှောင်ခြင်း စသည်ကို ကျူးလွန်ပါက ကျောင်းစည်းမျဉ်းအရသာ အရေးယူ ဆောင်ရွက်ရမည်။

(၂) အုပ်စုဖြင့် ရမ်းကားရိုက်နှက်ခြင်းကို ကျူးလွန်ပါက သက်ဆိုင်ရာအာဏာပိုင်အဖွဲ့အစည်းက အရေးယူ ဆောင်ရွက်ပြီးမှသာ မြို့နယ် သီးခြားသံဃဝိနိစ္ဆယအဖွဲ့ဖြင့် စစ်ဆေး၍ မြို့နယ်မှ အပပြုသည့် ပြစ်ဒဏ် ချမှတ်ရမည်၊ အုပ်စုသဘောမဆန်သော ရမ်းကား ရိုက်နှိုက်မှုမျိုးကို ကျူးလွန်ပါက ကျောင်း/ကျောင်းတိုက်မှ နှင်ထုတ်ရမည်။

(၃) ဘောလုံးကန်မှုကို ကျောင်းတွင်း၌ကျူးလွန်ပါက ကျောင်းထိုင်ဘုန်းကြီး၏ ဆန္ဒအရ အရေးယူ ဆောင်ရွက်ရန်နှင့် ကျောင်းပြင်၌ ကျူးလွန်ပါက ကျောင်းမှနှင်ထုတ်ရမည်၊ လောင်းကြေးဖြင့် ဘောလုံး ကစားလျှင် မြို့နယ် သီးခြားသံဃဝိနိစ္ဆယအဖွဲ့ဖြင့် စစ်ဆေး၍ ရပ်ကွက်/ကျေးရွာအုပ်စုမှ အပပြုသည့် ပြစ်ဒဏ်ကို ချမှတ်ရမည်။

### (၈) တစ်အိမ်တက်ဆင်း ရွှေငွေအလှူခံခြင်း

(၁) အလှူခံသော ပုဂ္ဂိုလ်ကို ရဟန်း/သာမဏေ အတုအစစ် ထင်ရှားအောင် စိစစ်ရမည်။

(၂) အစစ်ဖြစ်ပါလျှင် အလှူခံသော ရဟန်း/သာမဏေကို မိမိဆန္ဒအရ အလှူခံခြင်း ဟုတ်မဟုတ် စစ်ဆေးရမည်။

(၃) ကျောင်းထိုင်ဘုန်းကြီးက ခိုင်းစေ၍ဆောင်ရွက်ရခြင်းမျိုး ဖြစ်ပါက ကျောင်းထိုင်ဘုန်းကြီးကိုလည်း အရေးယူရမည်။

http://www.dhammadownload.com

ပြစ်ဒဏ်

(၁) တစ်အိမ်တက်ဆင်း အလှူခံသော ပုဂ္ဂိုလ်သည် ရဟန်းတု/သာမဏေတု ဖြစ်ပါက ဝိနည်းဓမ္မကံ အဓိကရုဏ်းမှုခင်းများ ဖြေရှင်းဆုံးဖြတ်ချက်များကို ကာကွယ်စောင့်ရှောက်သည့် ဥပဒေအရ အရေးယူနိုင်ရန် သက်ဆိုင်ရာ မြို့နယ် ပြည်သူ့ကောင်စီ (သို့မဟုတ်) မြို့နယ်သာသနာရေးမှူးသို့ လွှဲအပ်ရမည်။

(၂) ခန်းနေ ရဟန်းစစ် သာမဏေစစ် ဖြစ်ပါက ကျောင်းစည်းမျဉ်းအရ ကျောင်းထိုင်ဘုန်းကြီးဆန္ဒဖြင့် အရေးယူဆောင်ရွက်ရမည်။

(၃) ကျောင်းထိုင်ဘုန်းကြီးဖြစ်ပါက သံဃာ့ အဖွဲ့အစည်း လုပ်ထုံးလုပ်နည်းများ ပြင်ဆင် ဖြည့်စွက်ချက် အပိုဒ် ၉၃ အရ အဆင့်ဆင့် အရေးယူဆောင်ရွက်ရမည်။

(ဈ) ယာဉ်ရထားပေါ်နှင့်ဈေးများ၌ အလှူခံခြင်း

(ည) နေမွန်းလွဲချိန်၌ ဆွမ်းဆန်စိမ်း အလှူခံခြင်း

ညွှန်ကြားလွှာအမှတ် (၇၂) စည်းကမ်းအမှတ်စဉ် (၈) (၉)ပါ ယာဉ်ရထားပေါ်နှင့် ဈေးများ၌ အလှူခံခြင်း ဆွမ်းဆန်စိမ်း အလှူခံခြင်းတို့ကို ကျူးလွန်ရာ၌ အထက်ပိုဒ်(ဇ) ပါအတိုင်း အရေးယူရန် ဖြစ်သည်။

(ဋ) အထွေထွေ

(၁) ကျောင်းထိုင်ဘုန်းကြီး ကိုယ်တိုင် ညွှန်ကြားလွှာ ၇၂-ပါ ကျောင်းစည်းကမ်း မလိုက်နာမှု၌ ရပ်ကွက်/ကျေးရွာအုပ်စု သံဃနာယကအဖွဲ့က စောဒကပြု စွဲဆိုရန်နှင့် သီးခြား ကျောင်းစည်းမျဉ်းအရသာ အရေးယူရမည့် ပြစ်မှုကို ကျူးလွန်ရာ၌ သံဃာ့အဖွဲ့အစည်း လုပ်ထုံးလုပ်နည်းများ ပြင်ဆင် ဖြည့်စွက်ချက်အပိုဒ် (၉၃) အရ အရေးယူရမည်။

http://www.dhammadownload.com

(၂) ကျောင်းစည်းကမ်းစည်းမျဉ်းအရ ကျောင်းထိုင်ဘုန်းကြီး/ ကျောင်းတိုက်နာယက ဆရာတော်က နှင်ထုတ်ရာ၌ မလိုက်နာလျှင် မြို့နယ်သီးခြား သံဃဝိနိစ္ဆယအဖွဲ့ဖြင့် ဆောင်ရွက်ရမည်။

(၃) မြို့နယ်/ရပ်ကွက်/ကျေးရွာအုပ်စုမှအပ ပြုရန် ပြစ်ဒဏ်ချမှတ်ရာ၌ ကျူးလွန်သည့် ပြစ်မှုအားလျော်စွာ အပပြုရမည့် ကာလအပိုင်းအခြားကို သတ်မှတ်ဖော်ပြရမည်။

(၄) ကျောင်း/ကျောင်းတိုက်မှ နှင်ထုတ်ရန် သတ်မှတ်ထားသော ပြစ်မှုမျိုးကို ကျူးလွန်သည့် ပုဂ္ဂိုလ်ကို နှင်ထုတ်ခြင်း မပြုသော ကျောင်းဘုန်းကြီး/ကျောင်းတိုက်နာယက ဆရာတော်အား သံဃာ့အဖွဲ့အစည်း လုပ်ထုံးလုပ်နည်းများ ပြင်ဆင် ဖြည့်စွက်ချက် အပိုဒ် ၉၃-အရ အရေးယူဆောင်ရွက်ရမည်။

(၅) ကျောင်းစည်းမျဉ်းများကို ကျောင်း/ကျောင်းတိုက်များက ရေးသားတင်ပြရာ၌ ဓမ္မဝိနယနှင့် မဆန့်ကျင်လျှင် ခွင့်ပြုရမည်။

(၆) ကျောင်း/ကျောင်းတိုက်စည်းမျဉ်းများကို ကျောင်းထိုင်ဘုန်းကြီး (သို့မဟုတ်) ကျောင်းတိုက် နာယက ဆရာတော်များ ကိုယ်တိုင် လက်မှတ်ရေးထိုး တင်ပြရမည်။

(၇) ကျောင်းထိုင်ဘုန်းကြီး/ကျောင်းတိုက် နာယကဖြစ်ရေးအတွက် အငြင်းပွားဆဲကျောင်း/ကျောင်းတိုက်၌ ကျောင်းထိုင် ဘုန်းကြီး/ကျောင်းတိုက်နာယက ဆရာတော်အဖြစ် အရေးယူဆောင်ရွက်ခြင်းကို ရပ်ဆိုင်းထားရမည်။ ခန်းနေအဖြစ်သာ အရေးယူဆောင်ရွက်ရန် ဖြစ်သည်။

http://www.dhammadownload.com

# အပိုင်း (၃)

## (က) မြို့နယ်သံဃနာယကအဖွဲ့က စောဒနာလွှာကို စိစစ်လက်ခံခြင်း

(၁) မြို့နယ်သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ/အကျိုးတော်ဆောင် ဆရာတော်သည် ကျောင်းထိုင်ဘုန်းကြီး/ကျောင်းတိုက်နာယက ဆရာတော်/ရပ်ကွက်သံဃနာယကအဖွဲ့/အခြား စောဒက ပုဂ္ဂိုလ်က စောဒနာလွှာ တင်ပြလျှောက်ထားလွှာကို ရရှိလျှင် အနည်းဆုံး မြို့နယ်သံဃနာယကဆရာတော် (၃)ပါးဖြင့် စိစစ်ရမည်။

(၂) ကျောင်းထိုင်ဘုန်းကြီး/ကျောင်းတိုက် နာယကဆရာတော် သို့မဟုတ် ယင်းတို့၏ ကိုယ်စားလှယ် ဟုတ်မဟုတ် စိစစ်ရမည်။

(၃) ကျောင်းထိုင်ဘုန်းကြီး/ကျောင်းတိုက်နာယက အတွက် အငြင်းပွားဆဲ ဟုတ်မဟုတ် စိစစ်ရမည်။

(၄) နိုင်ငံတော်သံဃမဟာနာယကအဖွဲ့မှ ထုတ်ပြန်သည့် စည်းကမ်း(၉)ချက်မှတစ်ပါး အခြားကျောင်းစည်းမျဉ်းများဖြင့် တိုင်ကြားရာ၌ မြို့နယ်သံဃနာယကအဖွဲ့က ယင်း စည်းမျဉ်းကို အတည်ပြုပြီး ဟုတ်မဟုတ် စသည်ဖြင့် စိစစ်ရမည်။

(၅) စုဒိတက၏ စည်းကမ်းစည်းမျဉ်း ကျူးလွန်မှုကို ကျောင်းတွင်း ကျူးလွန်မှု၊ ကျောင်းပြင် ကျူးလွန်မှု ခွဲခြားစိစစ်၍ ကျူးလွန်မှုအတွက် ထင်ရှားသော အထောက်အထားနှင့် သက်သေရှိ/မရှိ စိစစ်ရမည်။

(၆) မြို့နယ် သံဃနာယကအဖွဲ့သည် စောဒနာလွှာကို စိစစ်ပြီး နောက် ညွှန်ကြားလွှာအမှတ် (၇၅)နှင့် ညီညွတ်သော

http://www.dhammadownload.com

စောဒနာလွှာဖြစ်သည်ဟု ယူဆပါက ဖော်ပြလတ္တံ့ပါ ပုဂ္ဂိုလ်များကို တစ်ပြိုင်တည်း ပင့်/ခေါ် ရမည်-

(က-က) စောဒကနှင့် စုဒိတက၊

( ခ-ခ ) ဝိနည်းဓိုရ်ဆရာတော် (၃)ပါး၊ အရန်ဝိနည်းဓိုရ်ဆရာတော် (၂)ပါး၊

(ဂ-ဂ) မြို့နယ်ပြည်သူ့ကောင်စီ အလုပ်အမှုဆောင်အဖွဲ့ကိုယ်စားလှယ်၊

(ဃ-ဃ) မြို့နယ်သာသနာရေးမှူး၊

(၇) မြို့နယ်သံဃနာယကအဖွဲ့သည် မြို့နယ်သီးခြား သံဃဝိနိစ္ဆယအဖွဲ့ မဖွဲ့စည်းသေးဘဲ အထက်အပိုဒ်ပါ ပုဂ္ဂိုလ်တို့၏ ရှေ့မှောက်၌ ဩဝါဒပေးခြင်း၊ ဝန်ခံကတိလက်မှတ်ရေးထိုးစေခြင်းဖြင့် ပြီးပြတ်နိုင်မည်ဟု ယူဆလျှင် ပြီးပြတ်အောင် ဖြေရှင်းပေးနိုင်သည်။

(၈) ပြီးပြတ်အောင် ဖြေရှင်းမရပါက မြို့နယ်သီးခြား သံဃဝိနိစ္ဆယအဖွဲ့ ဖွဲ့စည်းပေးရမည်။

(၉) ခရီးပေးလံခက်ခဲသောဒေသ၌ နေထိုင်သော စောဒက စုဒိတကတို့ကို ဆင့်ခေါ် ရန်လိုအပ်ပါက မြို့နယ်သံဃနာယကအဖွဲ့သည် စောဒနာလွှာ အတည်ပြုပြီးနောက် (၇)ရက်အထိ ဆောင်ရွက်ခွင့်ရှိသည်။

(၁၀) အကယ်၍ စုဒိတကသည် မြို့နယ်သံဃနာယကအဖွဲ့၏ ပင့်ခေါ် ရာသို့ မလာရောက်ပါကလည်း မြို့နယ်သီးခြား သံဃဝိနိစ္ဆယအဖွဲ့ ဖွဲ့စည်းရမည်။

(ခ) **သီးခြား သံဃဝိနိစ္ဆယအဖွဲ့က စစ်ဆေးဆုံးဖြတ်ခြင်း**

မြို့နယ် သီးခြားသံဃဝိနိစ္ဆယအဖွဲ့သည်-

(၁) သာမန်အားဖြင့် စောဒက စုဒိတက စုံညီရှေ့မှောက်၌သာ စောဒက စုဒိတကနှင့် ယင်းတို့၏ သက်သေများကို စစ်ဆေးရမည်။

http://www.dhammadownload.com

(၂) စုဒိတကနှင့် စုဒိတကတင်ပြလိုသော အထောက်အထားနှင့် သက်သေများကို မြို့နယ်ပြည်သူ့ကောင်စီအား တစ်ပါတည်း ပင့်/ခေါ်စေရမည်။

(၃) ခရီးဝေးလံခက်ခဲသောဒေသ၌ နေထိုင်သော စောဒက စုဒိတကတို့ကို ဆင့်ခေါ်ရန်လိုအပ်ပါက စောဒနာလွှာ လက်ခံပြီးနောက် အများဆုံး (၇)ရက်အထိ ဆောင်ရွက်ခွင့်ရှိသည်။

(၄) စုဒိတကအား ဆင့်ခေါ်ရန်အတွက် ပုံစံ (၇၅-ခ)ကို သုံးစွဲရမည်။

(၅) ဆင့်ခေါ်စာကို လက်ခံရရှိပါလျက် လာရောက်ရန် ငြင်းဆန်နေသော်လည်းကောင်း၊ တမင် ရှောင်တိမ်းနေသည်ဟု ယုံကြည်ယူဆလျှင်သော်လည်းကောင်း စုဒိတက၏ မျက်ကွယ်၌ပင် စစ်ဆေးဆုံးဖြတ်ရမည်။

(၆) စုဒိတက၏ သာသနာဝင်မှတ်တမ်းကို ရှေးဦးစွာ တောင်းခံ၍ ရဟန်းတု ဟုတ်-မဟုတ် စိစစ်ရမည်။

(၇) ရဟန်းတုဖြစ်ကြောင်း တွေ့ရှိခဲ့ပါက ဝိနည်းမဲ့ဖက် အဓိကရုဏ်းမှုခင်းများ ဖြေရှင်းချက်များကို ကာကွယ်သည့် ဥပဒေအရ မြို့နယ်ပြည်သူ့ကောင်စီသို့ လွှဲပြောင်းပေးအပ်နိုင်ရန် သက်ဆိုင်ရာ မြို့နယ်သံဃနာယကအဖွဲ့သို့ ပြန်လည် လွှဲအပ်ရမည်။ ရဟန်းစစ်ဖြစ်ပါက ဆက်လက် စစ်ဆေးရမည်။

(၈) ဝိနည်းမှိုရ်ဆရာတော်များကို ကန့်ကွက်ခွင့်မရှိစေရ။

(၉) ကျောင်းထိုင်ဘုန်းကြီး/ကျောင်းတိုက်နာယက ဆရာတော်က စောဒကပြု စွဲဆိုရာ၌ စုဒိတက၏ ပြန်လှန်မေးခွန်း မေးမြန်းခြင်းကို ခွင့်မပြုရ။

(၁၀) စောဒကနှင့် ယင်း၏သက်သေ အထောက်အထားများကို အကျဉ်းနည်းဖြင့် စစ်ဆေးခြင်း၊ တင်ပြစေခြင်း ပြုရမည်။

http://www.dhammadownload.com

(၁၁) ကျောင်းထိုင်ဘုန်းကြီး/ကျောင်းတိုက် နာယကဆရာတော်များ၏ ရှေးက အရေးယူဆောင်ရွက်ချက်ကို စိစစ်ရမည်။

(၁၂) စုဒိတကအား စောဒက၏စောဒနာချက်ကို ဖတ်ပြပြီး ဝန်ခံလိုခြင်း ရှိ/မရှိ မေးမြန်း၍ ဝန်ခံပါက ဝန်ခံသည့်အတိုင်း ချက်ချင်း ဆုံးဖြတ်ချက်ချရမည်။

(၁၃) ဝန်မခံပါက စောဒကတင်ပြချက်များအပေါ် အထောက်အထားပြ ငြင်းဆိုစေရမည်။

(၁၄) ငြင်းဆိုချက်များနှင့် ပတ်သက်သော သက်သေ တင်ပြစေ၍ ယင်းသက်သေကို စစ်ဆေးရမည်။

(၁၅) ဝိနည်းတော်အားလျော်စွာ သင့်ရောက်သည့် အာပတ်ကို ဒေသနာကြားစေရန်နှင့် ကျောင်း/ကျောင်းတိုက်/ရပ်ကွက်/ကျေးရွာအုပ်စု/မြို့နယ်မှ ထွက်ခွါသွားရန် ဖော်ပြလျက် ဆုံးဖြတ်ချက် ချမှတ်ရမည်။

(၁၆) စစ်ဆေးသုံးသပ် ဆုံးဖြတ်ခြင်းကို ပုံစံ (ဂ) အပိုဒ်-၆၊၇၊၁၄။ ၁၅နှင့် ၁၈-တို့မှတစ်ပါး အခြားပုံစံ (ဂ)ပါ ပြဋ္ဌာန်း သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်ရမည်။

(၁၇) ဆုံးဖြတ်ချက်ကို မြို့နယ်သံဃနာယကအဖွဲ့သို့ အမှုတွဲနှင့်တကွ ပေးအပ်ရမည်။

(ဂ) ဆုံးဖြတ်ချက်ကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်း

(၁) မြို့နယ်သံဃနာယကအဖွဲ့သည် မြို့နယ်သီးခြား သံဃဝိနိစ္ဆယအဖွဲ့၏ ဆုံးဖြတ်ချက်ကို ချက်ချင်း အကောင်အထည်ဖော် ဆောင်ရွက်ပေးရေးအတွက် ဆုံးဖြတ်ချက်မူရင်းနှင့် အတူ မြို့နယ်ပြည်သူ့ကောင်စီသို့ ပေးပို့ မေတ္တာရပ်ခံ အကြောင်းကြားရမည်။

(၂) လိုက်နာခြင်းမရှိပါက ဝိနည်းဓမ္မကံ အဓိကရုဏ်းမှုခင်းများ ဖြေရှင်းဆုံးဖြတ်ချက်များကို ကာကွယ်သည့် ဥပဒေ ပုဒ်မ

http://www.dhammadownload.com

(၇/၁၁)အရ မြို့နယ်ပြည်သူ့ကောင်စီက အရေးယူဆောင်ရွက်ပေးရမည်။

(၃) ဆောင်ရွက်ချက်အပြည့်အစုံကို မြို့နယ်သံဃနာယက အဖွဲ့က နိုင်ငံတော်သံဃမဟာနာယကအဖွဲ့သို့ အမှုတွဲ နှင့် တကွ ပေးပို့ အစီရင်ခံရမည်။

(ဃ) အထွေထွေ

(၁) ပါရာဇိကလောက်သော ပြစ်မှု၌ သံဃဝိနိစ္ဆယအဖွဲ့ အဆင့်ဆင့်ဖြင့် စစ်ဆေးရာတွင် အပြစ်မရှိ "သုဒ္ဓ"ဟု ဆုံးဖြတ်ပြီးသော်လည်း သမဏသာရုပ္ပမဖြစ်သော အမှုများကို ကျူးလွန်မှုများရှိနေသော စုဒိတကကို မြို့နယ်သီးခြားသံဃဝိနိစ္ဆယအဖွဲ့ဖြင့် ထပ်မံ စစ်ဆေးဆုံးဖြတ်ရမည်။

(၂) လိုအပ်လျှင် ရုံးခေါ်သက်သေများကို ခေါ်ယူစစ်ဆေးနိုင်သည်။

http://www.dhammadownload.com

# နိဂုံး

နိုင်ငံတော် သံဃမဟာနာယကအဖွဲ့သည် သာသနာတော် သန့်ရှင်းတည်တံ့ပြန့်ပွားရေးကို ရှေးရှု၍ သံဃာ့အဖွဲ့အစည်း လုပ်ထုံးလုပ်နည်းများ၊ ဝိနည်းဓမ္မကံ လုပ်ထုံးလုပ်နည်းများနှင့် ညွှန်ကြားလွှာများနှင့် အညီ သာသနာရေးဆိုင်ရာ ကိစ္စရပ်များကို အကောင်အထည်ဖော် ဆောင်ရွက်နေကြသော သံဃနာယကအဖွဲ့ အဆင့်ဆင့်တို့သည် ညွှန်ကြားလွှာ အမှတ်(၇၂)နှင့် (၇၅)တို့အရ ပီပြင်စွာဆောင်ရွက်နိုင်ကြလိမ့်မည်ဟု မျှော်လင့်ပါသည်။ သံဃာ့အဖွဲ့အစည်း အဆင့်ဆင့်တို့သည် ညွှန်ကြားလွှာ အမှတ်(၇၅) ရှင်းလင်းပွဲ ရှင်းလင်းချက်များကို သံဃာ့အဖွဲ့အစည်း လုပ်ထုံး လုပ်နည်း တစ်ခုအဖြစ် သတ်မှတ်၍ မှုခင်းအမျိုးအစားအားလျော်စွာ ဓမ္မဝိနယနှင့် အညီ ပုဂ္ဂလဓိဋ္ဌာန်မဖက် ဓမ္မဓိဋ္ဌာန်သက်သက်ဖြင့် လုပ်ကိုင် ဆောင်ရွက်ကြပါရန် တိုက်တွန်းလိုက်ပါသည်။

နိုင်ငံတော် သံဃမဟာနာယကအဖွဲ့
ဇမ္ဗူဒီပကျောင်းဆောင်၊ ကမ္ဘာအေး
ရန်ကုန်မြို့

ခုနှစ်-၁၃၄၉-ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ( ၄) ရက်
၁၉၈၇-ခုနှစ်၊ ဩဂုတ်လ (၁၃) ရက်

မှတ်ပုံ-၇

http://www.dhammadownload.com

(ပုံစံ ၇၅-က)

# အာဇီဝဝိပတ္တိ အာစာရဝိပတ္တိဖြင့် စွပ်စွဲသည့်အနုဝါဒါဓိကရုဏ်းမှု မူလစောဒနာလွှာ

| | |
|---|---|
| စောဒက. . . . . . . . . | စုဒိတက . . . . . . . . . |
| . . . . . . . . . . ကျောင်း | . . . . . . . . . . ကျောင်း |
| . . . . . . ရပ်ကွက်/ကျေးရွာအုပ်စု | ရပ်ကွက်/ကျေးရွာအုပ်စု |
| . . . . . . . . မြို့နယ် | . . . . . . . . . . မြို့နယ် |
| . . . . . ပြည်နယ်/တိုင်း | . . . . . ပြည်နယ်/တိုင်း |

တိုင်ကြားချက်အကျဉ်းချုပ်

ရှိသေစွာတိုင်ကြားလျှောက်ထားအပ်ပါသည်-

၁။ စုဒိတက . . . . . . . . သည် . . . . . . . . . . ကျောင်းတိုက် . . . . . . . . . . ကျောင်းမှ ဖြစ်ပါသည်။ ၎င်းသည် ဖော်ပြပါပြစ်မှုများကို. . . . . . . နေ့က ကျူးလွန်ခဲ့ပါသည်ဘုရား-

(က) . . . . . . . . . . . . . . . . . . . . . . . . . .
(ခ) . . . . . . . . . . . . . . . . . . . . . . . . . .
(ဂ) . . . . . . . . . . . . . . . . . . . . . . . . . .

၂။ သို့ဖြစ်ပါ၍ စုဒိတက . . . . . . . . အား မြို့နယ် သီးခြား သံဃဝိနိစ္ဆယအဖွဲ့ဖြင့် ဖွဲ့စည်းစစ်ဆေး အရေးယူပေးတော်မူပါရန် ရှိသေစွာ လျှောက်ထားအပ်ပါသည်ဘုရား။

http://www.dhammadownload.com

၃။ စုဒိတက . . . . . . . . . . . ကျူးလွန်သောပြစ်မှုအတွက် သက်သေ စာရင်းနှင့် အထောက်အထား စာရွက်စာတန်းများကို ပူးတွဲတင်ပြပါသည်ဘုရား။

လက်မှတ် . . . . . . . . . . . . . .
ဘွဲ့/အမည် . . . . . . . . . . . . . .
သာသနာဝင်မှတ်တမ်းအမှတ် . . . . . . . . . . . . . .
မူလစောဒကပုဂ္ဂိုလ်

မှတ်ချက်- (က) အကြောင်းအရာအကျယ်ကို သီးခြားစာရွက်ဖြင့် ပူးတွဲတင်ပြနိုင်သည်။

(ခ) စောဒနာလွှာကို စနစ်တကျမရေးတတ်သည့် စောဒကအား သက်ဆိုင်ရာ သံဃနာယကဆရာတော်က စနစ်ကျအောင် ကူညီဆောင်ရွက်ပေးနိုင်သည်။

http://www.dhammadownload.com

နမူနာ

မြို့နယ်သံဃနာယကအဖွဲ့
ရေနံချောင်းမြို့၊ မကွေးတိုင်း
စာအမှတ်၊
ရက်စွဲ၊

သို့

ဥက္ကဋ္ဌ
မြို့နယ်ပြည်သူ့ကောင်စီ အလုပ်အမှုဆောင်အဖွဲ့
ရေနံချောင်းမြို့

အကြောင်းအရာ၊ မြို့နယ် သီးခြားသံဃဝိနိစ္ဆယအဖွဲ့ ဖွဲ့စည်းဆောင်ရွက်ရန်ရှိပါသဖြင့်ကိုယ်တိုင်လာရောက်ပံ့ပိုးကူညီပါရန်ကိစ္စ

၁။ အထက်ပါကိစ္စနှင့်ပတ်သက်၍ ရေနံချောင်းမြို့ .......... ကျောင်းမှ စုဒိတက ....... သည်၊ ရေနံချောင်းမြို့ ....... လမ်းရှိ (လူထုဟော်တယ်) ၌ အရက်သေစာ သောက်စားကြောင်းဖြင့် ယင်းကျောင်းမှ ကျောင်းဘုန်းကြီးကိုယ်တိုင်က တိုင်ကြားခဲ့ပါသည်။

၂။ ယင်းမှုခင်းကို မြို့နယ်သီးခြား သံဃဝိနိစ္ဆယအဖွဲ့ဖြင့် ဖွဲ့စည်းစစ်ဆေး၍ ချက်ချင်းအရေးယူဆောင်ရွက်ရမည် ဖြစ်ပါသည်။

၃။ သို့ဖြစ်ပါ၍ လိုအပ်သည်များကို ကိုယ်တိုင်လာရောက်ပံ့ပိုး ကူညီဆောင်ရွက်ပေးပါရန် အကြောင်းကြားမေတ္တာရပ်ခံအပ်ပါသည်။

လက်မှတ် ............
ဘွဲ့တော် ............
ဥက္ကဋ္ဌဆရာတော်

မိတ္တူကို -

-ဥက္ကဋ္ဌဆရာတော်၊ တိုင်းသံဃနာယကအဖွဲ့၊ မကွေးတိုင်း၊
-မကွေးမြို့။
-ဥက္ကဋ္ဌ၊ တိုင်းပြည်သူ့ကောင်စီအလုပ်အမှုဆောင်အဖွဲ့၊
-မကွေးတိုင်း၊ မကွေးမြို့။
-တိုင်းသာသနာရေးမှူး၊ မကွေးတိုင်း၊ မကွေးမြို့။

http://www.dhammadownload.com

(ပုံစံ ၇၅-ခ)

မြို့နယ် သီးခြားသံဃဝိနိစ္ဆယဌာနသို့ စောဒက စုဒိတကလာရောက်ရန် ပင့်လျှောက် ဆင့်ခေါ်စာ

[ဝိ-လုပ်ထုံးလုပ်နည်း အပိုဒ်-၄၇]

.......ပြည်နယ်/တိုင်း ......မြို့နယ် ......ရပ်ကွက်/ ကျေးရွာအုပ်စုတွင် နေထိုင်သော စောဒက.....၏.....ပြည်နယ်/ တိုင်း.....မြို့နယ်.....ရပ်ကွက်/ကျေးရွာအုပ်စု...... ကျောင်း၌ သီတင်းသုံး နေထိုင်သော စုဒိတက ......အပေါ် အာဇီဝဝိပတ္တိ အာစာရဝိပတ္တိဖြင့် စွဲဆိုချက်ရှိသည်ဖြစ်၍ ယင်းစွဲဆိုခြင်းကို ရှင်းလင်းနိုင်ရန် $\frac{\text{စောဒက}}{\text{စုဒိတက}}$ သည် ဤစာကို ရလျှင်ရချင်း ဤသံဃဝိနိစ္ဆယဌာန (မြို့နယ်သံဃနာယကအဖွဲ့ရုံး) သို့ ကိုယ်တိုင် ကြွရောက်ရမည်၊ မိမိတင်ပြလိုသော သက်သေနှင့် အထောက်အထားများကို တစ်ပါတည်း ခေါ်ဆောင်လာရမည်။

၁၃.....ခုနှစ်....လဆ.....ရက်.....နေ့တွင် ဤသံဃဝိနိစ္ဆယအဖွဲ့ တံဆိပ်ရိုက်နှိပ်၍ ကိုယ်တိုင် လက်မှတ်ရေးထိုးလိုက်သည်။

လက်မှတ်.............

ဘွဲ့တော် .............

သံဃဝိနိစ္ဆယအဖွဲ့တံဆိပ် သဘာပတိဆရာတော်

မြို့နယ်သီးခြား သံဃဝိနိစ္ဆယအဖွဲ့အမှတ် ( )

တည်ရာဌာန ...............

.......................

ရက်စွဲ.......

မှတ်ချက်။ ။ မလိုရာကို ဖျက်ပါ။

http://www.dhammadownload.com

(ပုံစံ ၇၅-ဂ)

မြို့နယ် သီးခြားသံဃဝိနိစ္ဆယအဖွဲ့အမှတ် (      )
ဖွဲ့စည်းခြင်းအမိန့်
[ဝိ-လုပ်ထုံးလုပ်နည်းများအပိုဒ် (၄၇) ]

၁။. . . . . . . .မြို့နယ်သံဃနာယကအဖွဲ့သည်. . . . . . .ပြည်နယ်/တိုင်း . . . . . . . . .မြို့နယ် . . . . . . . . .ရပ်ကွက်/ကျေးရွာအုပ်စု . . . . . . .ကျောင်း၌သီတင်းသုံး/နေထိုင်သောစောဒက. . . . . .၏ . . . . . . . . .ပြည်နယ်/တိုင်း . . . . . .မြို့နယ် . . . . . . . . . . ရပ်ကွက်/ကျေးရွာအုပ်စု . . . . . . . .ကျောင်း၌ သီတင်းသုံး/နေထိုင်သော စုဒိတက. . . . . .အပေါ် အာဇီဝဝိပတ္တိ အာစာရဝိပတ္တိဖြင့် စွဲဆိုလာသော အဓိကရုဏ်းမှုခင်းကို ဝိနည်းတရားတော်နှင့်အညီ စစ်ဆေးဆုံးဖြတ်ရန် ဖော်ပြလတ္တံ့ပါ ဝိနည်းဓိုရ်ဆရာတော်ကြီးများ ပါဝင်သော မြို့နယ် သီးခြားသံဃဝိနိစ္ဆယအဖွဲ့အမှတ် (    ) ကို ဖွဲ့စည်းလိုက်သည်။

| အမှတ်စဉ် ဘွဲ့တော် | သက်တော် | သိက္ခာ | ကျောင်းတိုက် |
|---|---|---|---|
| (၁) . . . . . . . . . | . . . . . . | . . . . . | . . . . . . . . . . . |
| (၂) . . . . . . . . . | . . . . . . | . . . . . | . . . . . . . . . . . |
| (၃) . . . . . . . . . | . . . . . . | . . . . . | . . . . . . . . . . . |

အရန်ဝိနည်းဓိုရ်ဆရာတော်

| | | | |
|---|---|---|---|
| (၄) . . . . . . . . . | . . . . . . | . . . . . | . . . . . . . . . . . |
| (၅) . . . . . . . . . | . . . . . . | . . . . . | . . . . . . . . . . . |

http://www.dhammadownload.com

၂။ ဖော်ပြပါ မြို့နယ် သီးခြား သံဃဝိနိစ္ဆယအဖွဲ့သည် သင့်လျော်ရာ တစ်ပါးပါးကို သဘာပတိအဖြစ် တင်မြှောက်၍ ဆောင်ရွက်တော်မူကြရန် ဖြစ်ပါသည်။

လက်မှတ် ---------------------

ဘွဲ့တော် ---------------------

ဥက္ကဋ္ဌဆရာတော်

-----------မြို့နယ်သံဃနာယကအဖွဲ့

စာအမှတ် ---------------------

ရက်စွဲ ---------------------

ဖြန့်ဝေခြင်း-

- သံဃဝိနိစ္ဆယအဖွဲ့ဝင် ဆရာတော်များအားလုံး
- ဥက္ကဋ္ဌ----------- မြို့နယ်ပြည်သူ့ကောင်စီ အလုပ်အမှုဆောင်အဖွဲ့
- မြို့နယ်သာသနာရေးမှူး--------------မြို့နယ်

http://www.dhammadownload.com

ပုံစံ (၇၅-ဃ)

မြို့နယ်သံဃနာယကအဖွဲ့က ရွေးချယ်ဖွဲ့စည်းပေးသော
မြို့နယ် သီးခြား သံဃဝိနိစ္ဆယအဖွဲ့အမှတ် (    ) ၏
ဆုံးဖြတ်ချက်
[ဝိ-လုပ်ထုံး အပိုဒ် ၄၇]

စောဒက-------------နှင့် စုဒိတက--------------တို့၏--------
ပြည်နယ်/တိုင်း-------------မြို့နယ်-------------ရပ်ကွက်/ကျေးရွာအုပ်စု
---------------ကျောင်း၌ ဖြစ်ပွားသော အာဇီဝဝိပတ္တိ အာစာရဝိပတ္တိဖြင့် စွဲဆိုသည့် အနုဝါဒါဓိကရုဏ်းမှုခင်းကို မြို့နယ်သံဃနာယကအဖွဲ့က ရွေးချယ်ဖွဲ့စည်းအပ်သည့် မြို့နယ် သီးခြား သံဃဝိနိစ္ဆယအဖွဲ့ အမှတ် (  ) ဝိနည်းဓိုရ်ဆရာတော်များက ကိုယ်တိုင် လက်မှတ်ရေးထိုး၍ ဝိနည်းတရားတော်နှင့် အညီ ဆုံးဖြတ်ချက် ချမှတ်လိုက်သည်။

ဆုံးဖြတ်ချက်

(က) ----------------------------------------------------------------

(ခ) ----------------------------------------------------------------

မြို့နယ် သီခြားဝိနည်းဓိုရ်ဆရာတော်ကြီးများ

| စဉ် | ဘွဲ့တော် | ကျောင်း/ကျောင်းတိုက် | လက်မှတ် |
|---|---|---|---|
| ၁။ | -------------- | ------------------- | -------------- |
| ၂။ | -------------- | ------------------- | -------------- |
| ၃။ | -------------- | ------------------- | -------------- |

စာအမှတ်-----------------  ရက်စွဲ-------------

http://www.dhammadownload.com

ဝိနိစ္ဆယဆုံးဖြတ်ချက် ဖတ်ကြားကြေညာရာသို့ လာရောက်ကြားနာသူများ

| စဉ် အမည် | တာဝန် | လက်မှတ် |
|---|---|---|
| ၁။ ---------- | ပြည်သူ့ကောင်စီအလုပ်အမှုဆောင်အဖွဲ့ဝင် | ----------- |
| ၂။ ---------- | သာသနာရေးမှူး | ----------- |

စောဒက လာ/မလာ၊ စုဒိတက လာ/မလာ

(သဘာပတိဆရာတော်က ရေးမှတ်ရန်)

မှတ်ချက်။ ။ဆုံးဖြတ်ချက်၌ ကျောင်း/ကျောင်းတိုက်/ရပ်ကွက်/မြို့နယ်မှ ထွက်ခွါသွားရန် ဖော်ပြရမည်။

http://www.dhammadownload.com



မြို့နယ်သံဃနာယကအဖွဲ့
ရေနံချောင်းမြို့၊ မကွေးတိုင်း။
စာအမှတ်၊
ရက်စွဲ၊

သို့

ဥက္ကဋ္ဌ
မြို့နယ်ပြည်သူ့ကောင်စီအလုပ်အမှုဆောင်အဖွဲ့၊ ရေနံချောင်းမြို့။

အကြောင်းအရာ။ မြို့နယ်သီးခြား သံဃဝိနိစ္ဆယအဖွဲ့၏ ဆုံးဖြတ်ချက်ကို အကောင်အထည်ဖော် ဆောင်ရွက်ပေးပါရန် မေတ္တာရပ်ခံ အကြောင်းကြားခြင်း

၁။ ရေနံချောင်းမြို့နယ်----------ကျေးရွာ---------ကျောင်းဘုန်းကြီး စောဒက ဦးပဏ္ဍိတက ယင်းကျောင်းနေ စုဒိတက ဦးဇဝနအပေါ်---------------မှုဖြင့် တိုင်ကြားလာခြင်းကို မြို့နယ်သီးခြား သံဃဝိနိစ္ဆယအဖွဲ့ အမှတ်(  )က--------------နေ့တွင် ဆုံးဖြတ်ခဲ့ပါသည်။

၂။ ယင်း ဆုံးဖြတ်ချက်သည် ဝိနည်းဓမ္မကံ အဓိကရုဏ်း မှုခင်းများ ဖြေရှင်းဆုံးဖြတ်ရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများ ပြင်ဆင်ဖြည့်စွက်ချက် အခန်း (၇)၊ အပိုဒ် ၄၇ (ဃ)အရ အပြီးအပြတ်အတည်ဖြစ်ပါသည်။

၃။ သို့ဖြစ်၍ ယင်းမြို့နယ်သီးခြား သံဃဝိနိစ္ဆယအဖွဲ့၏ ဆုံးဖြတ်ချက်နှင့်အညီ ချက်ချင်းအကောင်အထည်ဖော် ဆောင်ရွက်ပေးပါရန် မေတ္တာရပ်ခံ အကြောင်းကြားအပ်ပါသည်။

လက်မှတ် ---------------------
ဘွဲ့တော် ---------------------
ဥက္ကဋ္ဌဆရာတော်
မြို့နယ်သံဃနာယကအဖွဲ့

မိတ္တူကို

- ဥက္ကဋ္ဌဆရာတော်၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၊ ရန်ကုန်မြို့။
- ဥက္ကဋ္ဌဆရာတော်၊ တိုင်းသံဃနာယကအဖွဲ့၊ မကွေးတိုင်း။

http://www.dhammadownload.com

ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ
မြန်မာနိုင်ငံတော်
နိုင်ငံတော်သံဃမဟာနာယကအဖွဲ့
ဗဟိုဌာနချုပ်
ဇမ္ဗူဒီပကျောင်းဆောင်
ကမ္ဘာအေးကုန်းမြေ
ရန်ကုန်မြို့

စာအမှတ်၊ ၃၃၁/၁/(ဝိ)/မဟာန
နေ့စွဲ၊ ၁၃၄၈-ခုနှစ်၊ နယုန်လဆန်း (၁၃) ရက်
(၁၉၈၆-ခုနှစ်၊ ဇွန်လ ၂၀-ရက်)

## ညွှန်ကြားလွှာအမှတ် (၇၂)

အကြောင်းအရာ။ ကျောင်းထိုင်ဘုန်းကြီးနှင့် ခန်းနေ ရဟန်းသာမဏေ တို့ လိုက်နာကျင့်သုံးရန် ဓမ္မဝိနယနှင့်အညီ စည်းကမ်းကျင့်ဝတ်များ ထုတ်ပြန်ညွှန်ကြားခြင်း

၁။ ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်အတွင်းရှိ ထေရဝါဒ ဗုဒ္ဓဘာသာ ကျောင်းထိုင်ဘုန်းကြီးများနှင့် ခန်းနေ ရဟန်း သာမဏေဟူသမျှတို့သည် ဤစည်းကမ်း ကျင့်ဝတ်ကို တိတိကျကျ လိုက်နာ ကျင့်သုံးကြရမည်။

၂။ ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်အတွင်းရှိ ဘုန်း တော်ကြီးကျောင်းမှန်သမျှတွင် ဤစည်းကမ်းကျင့်ဝတ်ကို ထားရှိရမည်။

http://www.dhammadownload.com

(က) ရဟန်းသာမဏေများလိုက်နာရန် စည်းကမ်းကျင့်ဝတ်များ

၁။ ရဟန်းသာမဏေဟူသမျှသည် အရက်သေစာ သောက်စားခြင်း၊ မူးယစ်ဆေးဝါးမှီဝဲခြင်း မပြုလုပ်ရ။

၂။ လောင်းကစားမှုများကို ကိုယ်တိုင် ပါဝင် လောင်းကစားခြင်း၊ လောင်းကစားဝိုင်းအနီး၌ နေထိုင်လျက် လောင်းကစားမှု ကို ကြည့်ရှုခြင်း မပြုရ။

၃။ ငွေတိုးချေးခြင်း၊ ဆိုက်ကား,မြင်းလှည်းထောင်ခြင်း စသော စီးပွားရေးလုပ်ငန်းများကို လုပ်ကိုင်ခြင်း မပြုရ။

၄။ တရားမဝင် မှောင်ခိုကုန်ပစ္စည်းများ လက်ဝယ်ထားရှိရောင်းဝယ်ခြင်း မပြုလုပ်ရ နိုင်ငံတော်က တားမြစ်ထားသော ကုန်ပစ္စည်းများကို ကိုယ်တိုင်ရောင်းဝယ်ခြင်း၊ သူတစ်ပါးအတွက် သယ်ဆောင်ပေးခြင်း၊ လက်ခံသိုလှောင်ထားခြင်း မပြုရ။

၅။ ဇာတ်, အငြိမ့်, ရုပ်သေး, ရုပ်ရှင်, ဆပ်ကပ်, လက်ဝှေ့, တီးဝိုင်း, ဘောလုံးပွဲစသော ပွဲလမ်းသဘင်များကို သွားရောက်ကြည့်ရှုခြင်း မပြုရ။

၆။ သီဆိုခြင်း, တီးမှုတ်ခြင်း, ကခုန်ခြင်း, မာတုဂါမများအား ပြောင်လှောင်နှောင့်ယှက်ခြင်း, ရမ်းကားရိုက်နှက်ခြင်း, ဘောလုံးကန်ခြင်း, စက်ဘီးစီးခြင်း, မော်တော်ဆိုင်ကယ်စီးခြင်း, ခြင်းလုံးခတ်ခြင်း မပြုရ။

၇။ ရဟန်းသာမဏေများကိုယ်တိုင် တစ်အိမ်တက်ဆင်း အိမ်တိုင်ရာရောက် လှည့်လည်သွားလာ၍ ရွှေ ငွေအလှူခံခြင်း မပြုရ။

၈။ ရဟန်း သာမဏေများ ကိုယ်တိုင် ကားဆိပ်, ရထားဆိပ်, သင်္ဘောဆိပ်, လေဆိပ်နှင့် ဈေးများအတွင်း၌ လည်းကောင်း၊ လမ်းဆုံ, လမ်းခွ, လမ်းမများ၌ လည်းကောင်း၊ မော်တော်ကား,မီးရထား, သင်္ဘောများပေါ်၌လည်းကောင်း၊ ကားလမ်းမများပေါ်တွင် မော်တော်ယာဉ်များကို တားဆီး၍လည်းကောင်း ငွေကြေး အလှူခံခြင်းမပြုရ။

http://www.dhammadownload.com

၉။ ရဟန်းသာမဏေများသည် ဆွမ်းခံချိန်၌ ဝိနည်းသိက္ခာပုဒ် တော်နှင့် အညီ ဆွမ်းခံခြင်းမှတစ်ပါး ပင့်ဖိတ်သူ ဒါယကာမရှိဘဲလျက် မြို့ရွာများ အတွင်း နေမွန်းလွဲချိန်၌ ဆွမ်းဆန်စိမ်းအလှူခံခြင်း ဟင်းသီးဟင်းရွက် အလှူခံခြင်းတို့ကို မပြုရ။

## (ခ)ကျောင်းထိုင်ဘုန်းကြီးများ လိုက်နာရန် စည်းကမ်းကျင့်ဝတ်များ

၁။ ကျောင်းထိုင်ဘုန်းကြီး (သို့မဟုတ်) ကျောင်းတိုက်နာယက ဆရာတော်သည် ဤစည်းကမ်းကျင့်ဝတ်(၉) ချက်ကို မိမိကိုယ်တိုင် လိုက်နာရမည့်အပြင် မိမိကျောင်း/ကျောင်းတိုက်ရှိ ခန်းနေ ရဟန်း သာမဏေများကိုလည်း လိုက်နာအောင် ကြီးကြပ်ကွပ်ကဲ ဆုံးမ ဩဝါဒပေးရမည်။

၂။ မိမိကျောင်းရှိ ရဟန်းသာမဏေများအားလုံးကို ဤစည်းကမ်း ကျင့်ဝတ် (၉) ချက်နှင့်အညီလည်းကောင်း၊ သက်ဆိုင်ရာ ကျောင်း/ ကျောင်းတိုက်၏ စည်းကမ်းနှင့်အညီ လည်းကောင်း ကျင့်သုံး လိုက်နာနေထိုင်မည် ဖြစ်ပါကြောင်း ဝန်ခံကတိ လက်မှတ် ရေးထိုး ထားရှိစေရမည်။

၃။ မိမိကျောင်းရှိ ခန်းနေ ရဟန်းသာမဏေများ၏ သာသနာ ဝင် မှတ်တမ်းများကို သိမ်းဆည်းထားရမည်။

၄။ ဤကတိဝန်ခံချက်ကို ဖောက်ဖျက်ကျူးလွန်သော ရဟန်းသာမဏေ ကို ကျောင်း/ကျောင်းတိုက်စည်းကမ်းနှင့်အညီ အရေးယူ အပြစ်ဒဏ် ပေးရမည်။

၅။ ဤကတိဝန်ခံချက်ကို ဖောက်ဖျက်ကျူးလွန်သည့်အတွက် နှင်ထုတ်သည့်အခါ ထွက်ခွာမသွားသော ရဟန်းသာမဏေကို သက်ဆိုင်ရာ ရပ်/ကျေး သံဃနာယကအဖွဲ့ (အဖွဲ့မရှိပါက ရပ်/

http://www.dhammadownload.com

ကျေး သံဃနာယက) နှင့် ရပ်/ကျေး ပြည်သူ့ကောင်စီတို့၏ အကူအညီကို ရယူ၍ နှင်ထုတ်ရမည်။

(ဂ) ရပ်/ကျေးသံဃနာယကအဖွဲ့၏ တာဝန်နှင့်ဝတ္တရားများ

၁။ ဤကတိဝန်ခံချက်ကို ဖောက်ဖျက် ကျူးလွန်သည့်အတွက် ကျောင်း/ကျောင်းတိုက်မှ နှင်ထုတ်ရာ၌ မလိုက်နာသော ရဟန်းသာမဏေကို ရပ်/ကျေး သံဃနာယကအဖွဲ့ (အဖွဲ့မရှိပါက ရပ်/ကျေး သံဃနာယက)သည် သက်ဆိုင်ရာ ရပ်/ကျေး ပြည်သူ့ကောင်စီအဖွဲ့အား အာဏာစက်ဖြင့် ထောက်ပံ့ကူညီပါရန် မေတ္တာရပ်ခံ ဆောင်ရွက်ရမည်၊ ဆောင်ရွက်၍ မရပါက သက်ဆိုင်ရာ မြို့နယ်သံဃနာယကအဖွဲ့သို့ တင်ပြလျှောက်ထားရမည်။

၂။ ဤစည်းကမ်းကျင့်ဝတ် (၉) ချက်ကို ကိုယ်တိုင်လိုက်နာရန် ပျက်ကွက်သော (သို့မဟုတ်) မိမိ၏ တပည့်ရဟန်းသာမဏေများကို လိုက်နာစေရန် ကြီးကြပ်ကွပ်ကဲမှု တာဝန်ပျက်ကွက်သော ကျောင်းထိုင်ဘုန်းကြီး (သို့မဟုတ်) ကျောင်းတိုက်နာယက ဆရာတော်ကို သက်ဆိုင်ရာ ရပ်/ကျေး သံဃနာယကအဖွဲ့က ခေါ်ယူ ဆုံးမဩဝါဒ ပေးရမည်။

၃။ ရပ်/ကျေး သံဃနာယကအဖွဲ့ (အဖွဲ့မရှိပါက ရပ်/ကျေး သံဃနာယက) က (၃) ကြိမ်တိုင်အောင် ဆုံးမဩဝါဒပေးပါလျက် လိုက်နာကျင့်သုံးမှု မရှိပါက သက်ဆိုင်ရာ မြို့နယ်သံဃ-နာယကအဖွဲ့သို့ အကျိုးအကြောင်း အပြည့်အစုံရေးသား၍ တင်ပြလျှောက်ထားရမည်။

(ဃ) မြို့နယ်သံဃနာယကအဖွဲ့၏ တာဝန်နှင့်ဝတ္တရားများ

၁။ မြို့နယ်သံဃနာယကအဖွဲ့သည် သက်ဆိုင်ရာ ရပ်/ကျေး သံဃနာယကအဖွဲ့နှင့် ရပ်/ကျေး ပြည်သူ့ကောင်စီတို့က နှင်ထုတ်ပါလျက် ထွက်ခွါမသွားသော ခန်းနေ ရဟန်းသာမဏေကို သက်

http://www.dhammadownload.com

ဆိုင်ရာ မြို့နယ်ပြည်သူ့ကောင်စီ၏ အကူအညီကို ရယူ၍ ဖယ်ရှား နှင်ထုတ်ပေးရမည်။

၂။ ထို့ပြင် အဆိုပါ ခန်းနေရဟန်းသာမဏေ၏ သာသနာဝင် မှတ်တမ်းကို မြို့နယ် သံဃနာယကအဖွဲ့က သက်ဆိုင်ရာ ကျောင်း ထိုင်ဘုန်းကြီး (သို့မဟုတ်) ကျောင်းတိုက်နာယကဆရာတော်ထံမှ သိမ်းဆည်းရမည်။

၃။ လာရောက်အပ်နှံသည့်ဆရာ၊ သို့မဟုတ် မိဘ၊ သို့မဟုတ် ရဟန်းဒါယကာတစ်ဦးဦး၏ အာမခံချက်ဖြင့် ကာယကံရှင် ကိုယ်တိုင် ဝန်ချတောင်းပန်မှသာလျှင် ယင်းသာသနာဝင် မှတ်တမ်းကို ပြန်လည် ထုတ်ပေးရမည်။

၄။ မြို့နယ်သံဃနာယအဖွဲ့သည် ရပ်/ကျေးသံဃနာယကအဖွဲ့၏ ဩဝါဒကို မလိုက်နာသည့် ကျောင်းထိုင်ဘုန်းကြီး (သို့မဟုတ်) ကျောင်းတိုက်နာယကဆရာတော်အား ခေါ်ယူ၍ ဤစည်းကမ်း ကျင့်ဝတ်ကို တိကျစွာ လိုက်နာကျင့်သုံးစေရန်နှင့် သက်ဆိုင်ရာ ရပ်/ကျေးသံဃနာယကအဖွဲ့၏ ဩဝါဒကို လိုက်နာစေရန် (၂)ကြိမ် တိုင်တိုင် ဆုံးမဩဝါဒပေးရမည်။

၅။ ထိုကဲ့သို့ (၂) ကြိမ်တိုင်တိုင် ဆုံးမဩဝါဒပေးပါလျက် လိုက်နာ ခြင်းမရှိသော ကျောင်းထိုင်ဘုန်းကြီး (သို့မဟုတ်) ကျောင်းတိုက် နာယကဆရာတော်အား သံဃာ့အဖွဲ့အစည်း လုပ်ထုံးလုပ်နည်း များအရ အရေးယူခြင်း၊ ကျောင်းတိုက်ကို နာမည်ပျက်စာရင်း ထည့်သွင်း ကြေညာခြင်းတို့ကို ပြုလုပ်ရမည်။

၆။ ယင်းကဲ့သို့ အရေးယူဆောင်ရွက်ခြင်းကို ပြည်နယ်/တိုင်း သံဃ- နာယကအဖွဲ့သို့ အစီရင်ခံတင်ပြ၍ သက်ဆိုင်ရာ မြို့နယ်ပြည်သူ့ ကောင်စီနှင့် မြို့နယ်သာသနာရေးမှူးတို့အား မိတ္တူပေးပို့ရမည်။

http://www.dhammadownload.com

၇။ မြို့နယ်သံဃနာယကအဖွဲ့သည် မိမိ၏ မြို့နယ်အတွင်းရှိ ရဟန်းသာမဏေများအားလုံး ဤစည်းကမ်းကျင့်ဝတ်ကို လိုက်နာစေရန် မြို့နယ်ပြည်သူ့ကောင်စီ၏ အကူအညီကို ရယူ၍ ကြီးကြပ်ကွပ်ကဲ ဆောင်ရွက်ရမည်။

(င) ပြည်နယ်/တိုင်းသံဃနာယကအဖွဲ့၏ တာဝန်နှင့် ဝတ္တရားများ

၁။ ပြည်နယ်/တိုင်းသံဃနာယကအဖွဲ့သည် မိမိပြည်နယ်/ တိုင်းအတွင်းရှိ ရဟန်းသာမဏေများအားလုံး ဤစည်းကမ်းကျင့်ဝတ်ကို လိုက်နာစေရန် သက်ဆိုင်ရာ ပြည်နယ်/တိုင်း ပြည်သူ့ကောင်စီ၏ အကူအညီကို ရယူဆောင်ရွက်ရမည်။

၂။ မိမိပြည်နယ်/တိုင်းအတွင်းရှိ မြို့နယ်သံဃနာယကအဖွဲ့ အားလုံး တာဝန်ကျေပွန်စွာ ဆောင်ရွက်စေရန်အတွက် ကြီးကြပ်ကွပ်ကဲပေးရမည်။

၃။ ဤစည်းကမ်းကျင့်ဝတ်ကို လိုက်နာဆောင်ရွက်ရာ၌ အောင်မြင်ချက်များ(သို့မဟုတ်)အခက်အခဲများကို နိုင်ငံတော်သံဃမဟာနာယကအဖွဲ့သို့ တင်ပြလျှောက်ထားရမည်။

၄။ ဤစည်းကမ်းကျင့်ဝတ်များကို လိုက်နာအောင် ဆောင်ရွက်ရာ၌ မိမိပြည်နယ်/တိုင်း အလိုက်၊ မြို့နယ်အလိုက် အဆင့်ခွဲခြားသတ်မှတ်၍ တစ်ဆင့်ချင်း အခါအားလျော်စွာ ဆောင်ရွက်နိုင်သည်။

(ဘဒ္ဒန္တကုမာရာစာရ)
အဘိဓဇမဟာရဋ္ဌဂုရု
ဥက္ကဋ္ဌဆရာတော်

(ဘဒ္ဒန္တဝိစိတ္တသာရာဘိဝံသ)
အဘိဓဇမဟာရဋ္ဌဂုရု
တိပိဋကဓရဓမ္မဘဏ္ဍာဂါရိက
အကျိုးတော်ဆောင်ဆရာတော်

http://www.dhammadownload.com

ပြည်နယ်/တိုင်းသံဃနာယကအဖွဲ့များအားလုံး
မြို့နယ်သံဃနာယကအဖွဲ့များအားလုံး

မိတ္တူကို-

-နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဆရာတော်များအားလုံး
-နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်များအားလုံး
-ဝန်ကြီး၊ ပြည်ထဲရေးနှင့်သာသနာရေးဝန်ကြီးဌာန (ဝန်ကြီးရုံး)
-ပြည်နယ်/တိုင်း ပြည်သူ့ကောင်စီ အလုပ်အမှုဆောင်အဖွဲ့ အားလုံး
-မြို့နယ်ပြည်သူ့ကောင်စီ အလုပ်အမှုဆောင်အဖွဲ့ အားလုံး
-ညွှန်ကြားရေးမှူးချုပ်၊ သာသနာရေးဦးစီးဌာန
-ညွှန်ကြားရေးမှူးချုပ်၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန
-ပြည်နယ်/တိုင်းသာသနာရေးမှူးအားလုံး
-မြို့နယ်သာသနာရေးမှူးအားလုံး
-အမှုတွဲလက်ခံ

http://www.dhammadownload.com

ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ
မြန်မာနိုင်ငံတော်
နိုင်ငံတော်သံဃမဟာနာယကအဖွဲ့
ဗဟိုဌာနချုပ်
ဇမ္ဗူဒီပကျောင်းဆောင်
ကမ္ဘာအေးကုန်းမြေ
ရန်ကုန်မြို့

စာအမှတ်၊ ၃၃၀/၁/ (ဝိ)/ညွှန်/မဟာန
ရက်စွဲ၊ ၁၃၄၉-ခုနှစ်၊ ဝါဆိုလဆန်း ၈ ရက်
(၁၉၈၇-ခုနှစ်၊ ဇူလိုင်လ ၃-ရက်)

## ညွှန်ကြားလွှာအမှတ် (၇၅)

အကြောင်းအရာ။ ဝိနည်းဓမ္မကံ လုပ်ထုံးလုပ်နည်း အပိုဒ် ၄၇ အရ မြို့နယ်သီးခြား သံဃဝိနိစ္ဆယအဖွဲ့ဖြင့် အရေးယူဆောင်ရွက်ရာ၌ လိုက်နာရန်ညွှန်ကြားခြင်း

၁။ သာသနာတော် သန့်ရှင်း တည်တံ့ပြန့်ပွားရေး ဒုတိယအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ပထမအစည်းအဝေးကြီးက ၁၀-၅-၈၅ နေ့တွင် အတည်ပြုပြဋ္ဌာန်းခဲ့သည့် သံဃာ့အဖွဲ့အစည်း လုပ်ထုံးလုပ်နည်းများ (ပြည်ဆင်ဖြည့်စွက်ချက်) အခန်း ၁၃ အပိုဒ် ၉၃ (စ) (ဆ) (ဇ) (ဈ) (ည) (ဋ) တို့၌ ဝိနည်းသိက္ခာပုဒ်တော်ကို ကျူးလွန်သည့် ရဟန်းသာမဏေများကို သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာ အုပ်စု သံဃနာယကအဖွဲ့နှင့် မြို့နယ်သံဃနာယကအဖွဲ့တို့က ဆုံးမသြဝါဒပေးခြင်း အရေးယူခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း ပါရှိပြီးဖြစ်ပါသည်၊ သို့ရာတွင် ယင်း

http://www.dhammadownload.com

လုပ်ထုံးလုပ်နည်းများအရ အရေးယူ ဆောင်ရွက်ရာတွင် ထိရောက်မှု မရှိသည်ကို တွေ့ရှိရပါသည်။

၂။ ထို့ပြင် ကျူးကျော်ကျောင်း စစ်ဆေးရေးအဖွဲ့များ၏ မြို့နယ်အလိုက် စိစစ်တင်ပြချက်အရ ဘုန်းကြီးကျောင်း ဂုဏ်အင်္ဂါနှင့် မညီညွတ်သော ကျူးကျော်ကျောင်းများကို ဘုန်းကြီးကျောင်းအဖြစ် အသိအမှတ်မပြုကြောင်း နိုင်ငံတော် သံဃမဟာနာယကအဖွဲ့က ထုတ်ပြန်ကြေညာခဲ့ပါသည်။ ယင်းကဲ့သို့ ဘုန်းကြီးကျောင်းအဖြစ် အသိအမှတ်ပြုခြင်း မခံရသော ကျူးကျော်ကျောင်းများကို စိစစ်ဆောင်ရွက်ကြရန် နိုင်ငံတော်ကောင်စီက ၉-၈-၈၄ ရက်စွဲပါ စာအမှတ်၁၂၅/၆၁-၂ / နကစဖြင့် ပြည်နယ်/တိုင်း ပြည်သူ့ကောင်စီ အလုပ်အမှုဆောင်အဖွဲ့ အားလုံးသို့ ညွှန်ကြားခဲ့ပြီး ဖြစ်ပါသည်။ သို့ရာတွင် ယင်းရဟန်းသာမဏေများသည် ဘုန်းကြီးကျောင်း အဖြစ် အသိအမှတ်ပြုခြင်း မခံရသော ကျူးကျော်ကျောင်းမှ ထွက်ခွာသွားခြင်းမရှိဘဲ ဆက်လက်နေထိုင်လျက်ရှိသည်ကို တွေ့ရှိရပါသည်။

၃။ တစ်ဖန် ပွဲလမ်းသဘင်ကြည့်ရှုခြင်း သာမဏသာရုပ္ပ မဖြစ်သော အလျှုခံခြင်းတို့ကိုပြုလုပ်ကျူးလွန်သည့် ရဟန်းသာမဏေများကို အရေးယူ ဆုံးမဩဝါဒပေးနိုင်ရန်အတွက် ကျောင်းထိုင်ဘုန်းကြီးနှင့် ခန်းနေ ရဟန်း သာမဏေတို့ လိုက်နာကျင့်သုံးရန် စည်းကမ်းကျင့်ဝတ်များကို ညွှန်ကြားလွှာ အမှတ်၇၂ ဖြင့် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့က ထုတ် ပြန်ညွှန်ကြား ခဲ့ပါသည်။ ယင်းညွှန်ကြားလွှာအမှတ်၇၂ ကို လိုက်နာစေရန် မြို့နယ် ပြည်သူ့ကောင်စီများက အာဏာစက်ဖြင့် ပံ့ပိုးကူညီနိုင်ရန်အတွက် ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော် ဝန်ကြီးအဖွဲ့က ၂၀. ၁၀. ၈၆ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၂၀/၈၆ ဖြင့် သမဏ-သာရုပ္ပ မဖြစ်သော အမှုများကို ကျူးလွန်သည့် သာသနာ့ဝန်ထမ်း ရဟန်းသာမဏေများအပေါ် အရေးယူခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း များကို ထုတ်ပြန်ညွှန်ကြားခဲ့ပါသည်။ ယင်းကြော်ငြာစာ အပိုဒ် ၂ (ဃ) တွင် သက်ဆိုင်ရာ သံဃနာယကအဖွဲ့က ဆိုဆုံးမ၍ မရသော ရဟန်းသာမဏေကို သံဃာဝိနိစ္ဆယ အဖွဲ့ဖြင့် စစ်ဆေး ဆုံးဖြတ်ပြီးသောအခါ

http://www.dhammadownload.com

ဆုံးဖြတ်ချက်ကို လိုက်နာစေရန် သက်ဆိုင်ရာ မြို့နယ်ပြည်သူ့ကောင်စီ အလုပ်အမှုဆောင်အဖွဲ့က ဆောင်ရွက်ပေးရန်ဟု ဖော်ပြညွှန်ကြား ထားပါသည်။

၄။ သို့ဖြစ်ပါ၍ အဆိုပါ သံဃာ့အဖွဲ့အစည်း လုပ်ထုံးလုပ်နည်းများနှင့် ညွှန်ကြားလွှာများကို မလိုက်နာသော ဆိုဆုံးမခက်သည့် ဒုဗ္ဗစ ရဟန်းသာမဏေများကို အာဏာစက်ဖြင့် အရေးယူ ဆောင်နိုင်ရန် အတွက် ဒုတိယအကြိမ် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်ဖွဲ့ တတိယ အစည်းအဝေးက ဝိနည်းဓမ္မကံ အဓိကရုဏ်းမှုခင်းများ ဖြေရှင်းဆုံးဖြတ်ရေး ဆိုင်ရာ လုပ်ထုံးလုပ်နည်း (ပြင်ဆင်ဖြည့်စွက်ချက်) အပိုဒ် ၄၇ ၌ ဖော်ပြ လတ္တံ့ပါ အချက်များကို ဖြည့်စွက်အတည်ပြုခဲ့ပါသည်-

ဖြည့်စွက်ပြီးပြဋ္ဌာန်းချက်

အပိုဒ်-၄၇ (က) ..............................

(ခ) ကျောင်း/ကျောင်းတိုက်စည်းမျဉ်း မလိုက်နာမှု နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၏ ညွှန်ကြားလွှာအမှတ် ၇၂ ပါ စည်းကမ်းကျင့်ဝတ်များကို မလိုက်နာမှု၊ ဘုန်းတော်ကြီးကျောင်း အဖြစ် အသိအမှတ် မပြုသော အဆောက်အအုံ၌ ဖြစ်စေ၊ မဆောက်လုပ်ရန် တားမြစ်ထားပါလျက် ဆက်လက် ဆောက်လုပ်နေသော အဆောက်အအုံ၌ ဖြစ်စေ၊ တားမြစ်ပါလျက် မလိုက်နာဘဲ သီတင်းသုံး နေထိုင်မှု၊ သံဃာ့အဖွဲ့အစည်း လုပ်ထုံးလုပ်နည်း အပိုဒ် ၉၃ (စ) (ဆ) (ဇ) (ဈ) (ည) တို့ကိုကျူးလွန်၍ ၉၃ (ဋ) အရ မြို့နယ်သံဃနာယက အဖွဲ့၏ ဆုံးဖြတ်ချက်ကို မလိုက်နာမှုများကို ကျူးလွန်မှုအတွက် အာစရ ဝိပတ္တိ၊ အာဇီဝဝိပတ္တိဖြင့် စွပ်စွဲသည့် အနုဝါဒါ ဓိကရုဏ်းမှုခင်း၌ မြို့နယ် သံဃနာယကအဖွဲ့သည်

http://www.dhammadownload.com

စောဒနာလွှာ ရရှိသည့်နေ့မှ (၃) ရက်အတွင်း သင့်လျော်သော မြို့နယ် ဝိနည်းဓိုရ်များဖြင့် မြို့နယ်သီးခြား သံဃဝိနိစ္ဆယအဖွဲ့ကို ဖွဲ့စည်းပေးရမည်။

(ဂ) ယင်း မြို့နယ်သီးခြား သံဃဝိနိစ္ဆယ အဖွဲ့သည် လုပ်ထုံးလုပ်နည်းများနှင့် အညီ အကျဉ်းနည်း စစ်ဆေး၍ (၃)ရက် အတွင်း ဆုံးဖြတ်ချက်ချမှတ်ရမည်။

(ဃ) ယင်း မြို့နယ် သီးခြား သံဃဝိနိစ္ဆယအဖွဲ့၏ ဆုံးဖြတ်ချက်သည် နောက်ဆုံး အပြီးအပြတ် အတည်ဖြစ်သည်။

(င) မြို့နယ်သံဃနာယကအဖွဲ့ မရှိပါက နီးစပ်သင့်လျော်ရာ မြို့နယ် သံဃနာယကအဖွဲ့၌ စောဒနာလွှာ တင်သွင်းဆောင်ရွက်ခွင့်ရှိသည်။

(စ) ယင်း မြို့နယ်သီးခြား သံဃဝိနိစ္ဆယအဖွဲ့သည် အပိုဒ် (၁) ပါ အပြစ်များကို ကျူးလွန်သော ရဟန်းသာမဏေ တစ်ပါးပါးကို စစ်ဆေးတွေ့ရှိပါက သက်ဆိုင်ရာ ကျောင်း/ ကျောင်းတိုက်မှဖြစ်စေ၊ ရပ်ကွက်/ကျေးရွာအုပ်စုမှဖြစ်စေ မြို့နယ်မှဖြစ်စေ ထွက်ခွာသွားရန် တိကျစွာ ထည့်သွင်း ဆုံးဖြတ်ပေးရမည်။

(ဆ) ယင်း မြို့နယ်သီးခြားသံဃဝိနိစ္ဆအဖွဲ့၏ ဆုံးဖြတ်ချက်ကို ချက်ချင်း အကောင်အထည်ဖော် ဆောင်ရွက်စေရန် ဆုံးဖြတ်ချက်မူရင်းနှင့်တကွ မြို့နယ်ပြည်သူ့ကောင်စီသို့ အကြောင်းကြား၍ မိတ္တူကို ပြည်နယ်/တိုင်း သံဃနာယက အဖွဲ့နှင့် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့သို့ ဆောင်ရွက်ချက် အပြည့်အစုံနှင့်တကွ တင်ပြရမည်။

၅။ သို့ဖြစ်ပါ၍ ဝိနည်းဓမ္မကံ လုပ်ထုံးလုပ်နည်းများ အပိုဒ် ၄၇-အရ ဆောင်ရွက်ကြရာ၌ ဖော်ပြလတ္တံ့ပါတိုင်း လိုက်နာကျင့်သုံး ဆောင်ရွက်သွားကြရန် ညွှန်ကြားအပ်ပါသည်-

http://www.dhammadownload.com

(က) ကျောင်း/ကျောင်းတိုက် စည်းမျဉ်းမလိုက်နာမှု

(၁) ကျောင်း / ကျောင်းတိုက် စည်းမျဉ်းမလိုက်နာသဖြင့် မြို့နယ်သံဃနာယက အဖွဲ့သို့ တိုင်ကြားရာ၌ ကျောင်း/ကျောင်းတိုက်စည်းမျဉ်းကို ရှေးဦးစွာ မြို့နယ်သံဃနာယက အဖွဲ့သို့ ပေးပို့ထားပြီးဖြစ်ရမည်။

(၂) ယင်းမှုခင်း၌ ကျောင်းထိုင်ဘုန်းကြီး / ကျောင်းတိုက် နာယကအဖွဲ့(သို့မဟုတ်) ယင်းတို့၏ကိုယ်စားလှယ်ဆရာတော်က စောဒကပြုလုပ် စွဲဆိုခြင်းကိုသာ လက်ခံရမည်။

(၃) သီးခြားဂိုဏ်းဝင် ကျောင်းတိုက်များသည် မိမိတို့ သက်ဆိုင်ရာ မြို့နယ်သံဃနာယကအဖွဲ့သို့ တင်ပြစွဲဆိုခွင့် ရှိသည်။

(ခ) ညွှန်ကြားလွှာ၇၂-ပါ စည်းကမ်းကျင့်ဝတ်များကို မလိုက်နာမှု

(၁) ညွှန်ကြားလွှာ၇၂-ပါ စည်းကမ်းကျင့်ဝတ်များကို ကျူးလွန်ရာ၌ တည်ဆဲ ဥပဒေတစ်ရပ်ရပ်နှင့် ငြိစွန်းသော မှုခင်း ဖြစ်ပါက သက်ဆိုင်ရာ ဥပဒေအရ ရှေးဦးစွာ အရေးယူပြီးမှသာ(သို့မဟုတ်) အရေးယူမှု မရှိမှသာ မြို့နယ် သံဃနာယကအဖွဲ့က အရေးယူဆောင်ရွက် ပေးရမည်။

(၂) စုဒိတကသည် ကျောင်းထိုင်ဘုန်းကြီး/ကျောင်းတိုက် နာယက ဖြစ်ပါက ရပ်ကွက်/ကျေးရွာအုပ်စု သံဃနာယကအဖွဲ့ ကိုယ်စားလှယ် တစ်ပါးက စောဒကပြုလုပ် စွဲဆိုရမည်။

(၃) ခန်းနေ ရဟန်းသာမဏေဖြစ်ပါက ကျောင်းထိုင် ဘုန်းကြီး ကျောင်းတိုက် နာယကအဖွဲ့၊ (သို့မဟုတ်) ယင်းကိုယ် စားလှယ်က စောဒကပြုလုပ် စွဲဆိုရမည်။

http://www.dhammadownload.com

(၄) ကျူးလွန်သည့်ပုဂ္ဂိုလ်ကို လူဒါယကာ/အဖွဲ့အစည်းက တွေ့ရှိ၍ ပင့်ခေါ်တင်ပြလာပါက ယင်း လူဒါယကာ/ အဖွဲ့အစည်းက စောဒကပြုလုပ် စွဲဆိုနိုင်သည်။

(၅) ကျောင်းထိုင်ဘုန်းကြီးအား ယင်းကျောင်းမှ နှင်ထုတ်ဖယ်ရှားရပါက မြို့နယ်သံဃနာယကအဖွဲ့သည် သင့်လျော်သော ရဟန်း တစ်ပါးကို ယာယီ အစောင့်ချထား၍ နိုင်ငံတော်သံဃမဟာနာယကဖွဲ့သို့ ဆောင်ရွက်မှု အဆင့်ဆင့်ကို ချက်ချင်းအစီရင်ခံ တင်ပြရပါမည်။

(၆) ယင်းကျောင်းထိုင်ဘုန်းကြီးသည် အာယတိသံဝရ ရှိပါကြောင်း သံဃာ့အဖွဲ့အစည်း အဆင့်ဆင့်၏ ထောက်ခံချက်ကို တင်ပြနိုင်သည့်အခါ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့က ယင်းကျောင်း၌ ပြန်လည်နေထိုင် ခွင့်ပြုနိုင်သည်။

(၇) ပါရာဇိက ကျလောက်သော မှုခင်းများကို မြို့နယ်သီးခြားသံဃဝိနိစ္ဆယအဖွဲ့က လက်ခံစစ်ဆေးခြင်း မပြုရ။

(ဂ) ကျောင်းအဖြစ် အသိအမှတ်မပြုသော အဆောက်အအုံ၌နေထိုင်မှု

(၁) နိုင်ငံတော် သံဃမဟာနာယကအဖွဲ့က ဘုန်းကြီးကျောင်းအဖြစ် အသိအမှတ်မပြုသော အဆောက်အအုံ၌ဖြစ်စေ, သံဃနာယကအဖွဲ့ အဆင့်ဆင့်က ကျောင်းမဆောက်လုပ်ရန် တားမြစ်ကန့်ကွက်ထားပါလျက် ဆက်လက်ဆောက်လုပ်နေသော အဆောက်အအုံ၌ဖြစ်စေ နေထိုင်သော ရဟန်းသာမဏေများကို ပြည်နယ်/တိုင်း သာသနာရေးမှူးက စောဒက ပြုလုပ်၍ စွဲဆိုရမည်။

(၂) ထိုသို့ စွဲဆိုရာ၌ စောဒနာလွှာတွင် နိုင်ငံတော်သံဃမဟာနာယက အဖွဲ့က ကျောင်းအဖြစ် အသိအမှတ် မပြုကြောင်း

http://www.dhammadownload.com

အတည်ပြုချက်(သို့မဟုတ်) ဆက်လက်ဆောက်လုပ်ခွင့် မပြုကြောင်းဆုံးဖြတ်ချက်ကို အထောက်အထားအဖြစ် ပူးတွဲပါရှိစေရမည်။

(၃) အပိုဒ်(ဂ)အရ အရေးယူရာ၌ စုဒိတကရဟန်း/ သာမဏေတို့သည် သီးခြားဂိုဏ်းဝင်ဖြစ်ပါက သီးခြားဂိုဏ်းမှ အဆင့်တူမြို့နယ် သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ အကျိုးတော်ဆောင်ဆရာတော်များကို, အဖွဲ့မရှိပါက အဆင့်တူနာယက ဆရာတော်ကို ပင့်ဆောင်စည်းဝေး၍ပင့်ဆောင်ပါလျက် ကြွရောက်သည်ဖြစ်စေ မကြွရောက်သည်ဖြစ်စေ, မြို့နယ် သီးခြား သံဃဝိနိစ္ဆယအဖွဲ့ကို ဖွဲ့စည်းပေးရမည်။

(ယ) သံဃာ့အဖွဲ့အစည်း လုပ်ထုံးလုပ်နည်း အပိုဒ်-၉၃(ဠ)အရ အရေးယူမှု

(၁) သံဃာ့အဖွဲ့အစည်း လုပ်ထုံးလုပ်နည်း အပိုဒ် - ၉၃ (ဠ) အရ အရေးယူရာ၌ ယင်းလုပ်ထုံးလုပ်နည်း အပိုဒ်-၉၃ (စ) (ဆ) (ဇ) (ဈ) (ည) တို့အရ အဆင့်ဆင့် ဆောင်ရွက်မှုမှတ်တမ်း အပြည့်အစုံ ပါရှိစေရမည်။

(၂) ရပ်ကွက် / ကျေးရွာအုပ်စု သံဃနာယကအဖွဲ့က ခေါ်ယူဆုံးမမှုကို ဆန့်ကျင်သော ရဟန်း/သာမဏေအား မြို့နယ် သံဃနာယကအဖွဲ့က ဝိနည်းတရားတော်နှင့်အညီ ဆုံးမ ဩဝါဒပေးရမည်။

(၃) မြို့နယ်သံဃနာယကအဖွဲ့၏ ဆုံးမဩဝါဒကို လိုက်နာရန် ငြင်းဆန်နေမှသာလျှင် မြို့နယ်သီးခြား သံဃဝိနစ္ဆယအဖွဲ့ဖြင့် ဖွဲ့စည်းဆောင်ရွက်ရမည်။

(၄) ထိုသို့အဆင့်ဆင့် ဆောင်ရွက်မှုသည် ကျောင်း/ကျောင်းတိုက် အုပ်ချုပ်ရေးကို တမင်ထိခိုက်အောင် (သို့မဟုတ်) တမင်ဂုဏ်သိက္ခာထိပါး ညှိုးနွမ်းအောင် ဆောင်ရွက်မှုမျိုး

http://www.dhammadownload.com

ဖြစ်ကြောင်း တွေ့ရှိရပါက ဆောင်ရွက်သောနာယက (သို့မဟုတ်) နာယကအဖွဲ့သည် သံဃာ့အဖွဲ့အစည်းဝင်အဖြစ်မှ ရပ်စဲသည်အထိ အရေးယူခြင်းခံရမည်။

(၅) ရပ်ကွက်/ကျေးရွာအုပ်စု သံဃနာယကဆရာတော် (သို့မဟုတ်)အဖွဲ့သည် မိမိနှင့်ဂိုဏ်းတူ ရဟန်းသာမဏေများကိုသာ ခေါ်ယူဆုံးမခွင့် အဆင့်ဆင့်တင်ပြဆောင်ရွက်ခွင့်ရှိသည်။

(၆) အပိုဒ် (ဃ) အရ အရေးယူရာ၌ ရပ်ကွက်/ကျေးရွာအုပ်စု သံဃနာယကအဖွဲ့၏ ကိုယ်စားလှယ် ဆရာတော် တစ်ပါးပါးက စောဒကအဖြစ် ဆောင်ရွက်ရမည်။

(င) အထွေထွေ

(၁) ဝိနည်းမေ့ကံ အဓိကရုဏ်း မှုခင်းများ ဖြေရှင်းဆုံးဖြတ်ရေးဆိုင်ရာ လုပ်ထုံးလုပ်နည်း (ပြင်ဆင်ဖြည့်စွက်ချက်) အပိုဒ် ၄၇-အရ အရေးယူ ဆောင်ရွက်ရာတွင် စုဒိတကသည် မြို့နယ်သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ/အကျိုးတော်ဆောင် ဆရာတော်ဖြစ်နေခဲ့သော် စောဒနာလွှာကို သက်ဆိုင်ရာ ပြည်နယ်/တိုင်း သံဃနာယကအဖွဲ့သို့ တင်သွင်းရမည်။

(၂) သက်ဆိုင်ရာ ပြည်နယ်/တိုင်း သံဃနာယကအဖွဲ့သည် ယင်းစောဒနာလွှာကို ယင်းပြည်နယ်/တိုင်းအတွင်းရှိ အခြားနီးစပ်သင့်လျော်သော မြို့နယ်သံဃနာယကအဖွဲ့သို့ ပေးပို့ဆောင်ရွက်စေရမည်။

(၃) စုဒိတကသည် ပြည်နယ်/တိုင်း သံဃနာယကအဖွဲ့ဥက္ကဋ္ဌ/အကျိုးတော်ဆောင်/နိုင်ငံတော်အဆင့် ဆရာတော်တစ်ပါးပါးဖြစ်ခဲ့သော် စောဒနာလွှာကို နိုင်ငံတော် သံဃမဟာနာယကအဖွဲ့သို့ တင်သွင်းရမည်။

http://www.dhammadownload.com

(၄) နိုင်ငံတော် သံဃမဟာနာယကအဖွဲ့သည် ပြည်နယ်/တိုင်း သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ / အကျိုးတော်ဆောင်အပေါ် စွဲဆိုသည့်စောဒနာလွှာကို အခြားပြည်နယ်/တိုင်းအတွင်းရှိ သင့်လျော်သော မြို့နယ်သံဃနာယက အဖွဲ့သို့ ပေးပို့ဆောင်ရွက်စေရန် ဖြစ်သည်။ နိုင်ငံတော်အဆင့် ဆရာတော်တစ်ပါးပါးအပေါ် စွဲဆိုလာသော စောဒနာလွှာကို သံဃာ့အဖွဲ့အစည်း အခြေခံစည်းမျဉ်း လုပ်ထုံးလုပ်နည်းများအရ အရေးယူ ဆောင်ရွက်ရန် ဖြစ်သည်။

(၅) မြို့နယ်သီးခြားသံဃဝိနိစ္ဆယအဖွဲ့ဖြင့် စစ်ဆေးဆုံးဖြတ်ရာ၌ သောဓနာလွှာ တောင်းခံရန်မလို။

(ဘဒ္ဒန္တဉာဏာဘိဝံသ-အဂ္ဂမဟာပဏ္ဍိတ) (ဘဒ္ဒန္တဝဏ္ဏသိရီ)
ဒုတိယဥက္ကဋ္ဌဆရာတော် တွဲဖက်အကျိုးတော်ဆောင်ဆရာတော်

မြို့နယ်သံဃနာယကအဖွဲ့ အားလုံး
မိတ္တူကို-

- နိုင်ငံတော်ဩဝါဒါစရိယဆရာတော်ကြီးများအားလုံး
- နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်ဆရာတော်များအားလုံး
- နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင်အားလုံး
- ပြည်နယ်/တိုင်း သံဃနာယကအဖွဲ့အားလုံး
- ပြည်ထဲရေးနှင့် သာသနာရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံး
- ပြည်နယ်/တိုင်း ပြည်သူ့ကောင်စီ အလုပ်အမှုဆောင်အဖွဲ့အားလုံး
- မြို့နယ် ပြည်သူ့ကောင်စီ အလုပ်အမှုဆောင်အဖွဲ့အားလုံး
- ညွှန်ကြားရေးမှူးချုပ်၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဦးစီးဌာန
- ညွှန်ကြားရေးမှူးချုပ်၊ သာသနာရေးဦးစီးဌာန
- ပြည်နယ်/တိုင်း သာသနာရေးမှူးအားလုံး
- မြို့နယ်သာသနာရေးမှူးအားလုံး

http://www.dhammadownload.com

# ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်
# ဝန်ကြီးအဖွဲ့
# အမိန့်ကြော်ငြာစာအမှတ်
# ၂၀/၈၆

ရန်ကုန်မြို့၊ ၁၃၄၈-ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၂-ရက်
(၁၉၈၆-ခုနှစ်၊ အောက်တိုဘာလ ၂၀-ရက်)

ဝန်ကြီးအဖွဲ့ ဥပဒေပုဒ်မ ၇-ပုဒ်မခွဲ (က) ပါ လုပ်ပိုင်ခွင့်များအရလည်းကောင်း၊ သံဃာ့အဖွဲ့အစည်း လုပ်ထုံးလုပ်နည်းများအရ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၏ ၁၃၄၈-ခုနှစ်၊ နယုန်လဆန်း ၁၃-ရက် (၁၉၈၆-ခု၊ ဇွန်လ ၂၀ ရက်) နေ့စွဲပါ ညွှန်ကြားလွှာအမှတ် ၇၂-ကို အကောင်အထည်ဖော်နိုင်ရန်လည်းကောင်း၊ ဝိနည်းဓမ္မကံအဓိကရုဏ်းမှုခင်းများ ဖြေရှင်းဆုံးဖြတ်ရေးဆိုင်ရာ ဥပဒေပုဒ်မ ၉-အရ ဆောင်ရွက်နိုင်ရန် လည်းကောင်း ဝန်ကြီးအဖွဲ့သည် အောက်ပါလုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်ကြေညာလိုက်သည်။

**သမဏသာရုပ္ပ မဖြစ်သော အမှုများကို ကျူးလွန်သည့် သာသနာ့ဝန်ထမ်း ရဟန်းသာမဏေများကို အရေးယူခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများ**

၁။ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့က ၁၃၄၈-ခုနှစ်၊ နယုန်လဆန်း ၁၃-ရက် (၁၉၈၆-ခု ၊ ဇွန်လ ၂၀-ရက်)နေ့စွဲပါ ညွှန်ကြားလွှာအမှတ် ၇၂-ကို ထုတ်ပြန်ထားပါသည်။ ယင်းညွှန်ကြားလွှာတွင် ရဟန်းသာမဏေများ လိုက်နာရမည့် အောက်ပါ စည်းကမ်းကျင့်ဝတ်များကို ဖော်ပြထားပါသည်-

(က) ရဟန်းသာမဏေ ဟူသမျှသည် အရက်သေစာ သောက်စားခြင်း၊ မူးယစ်ဆေးဝါး မှီဝဲခြင်း မပြုလုပ်ရ။

http://www.dhammadownload.com

(ခ) လောင်းကစားမှုကို ကိုယ်တိုင်ပါဝင် လောင်းကစားခြင်း၊ လောင်းကစားဝိုင်းအနီး၌ နေထိုင်လျက် လောင်းကစားမှုကို ကြည့်ရှုခြင်း မပြုရ။

(ဂ) ငွေတိုးချေးခြင်း၊ ဆိုက်ကား၊ မြင်းလှည်းထောင်ခြင်း စသော စီးပွားရေးလုပ်ငန်းများကို လုပ်ကိုင်ခြင်း မပြုရ။

(ဃ) တရားမဝင် မှောင်ခိုကုန်ပစ္စည်းများ လက်ဝယ်ထားရှိ ရောင်းဝယ်ခြင်း မပြုလုပ်ရ၊ နိုင်ငံတော်က တားမြစ်ထားသော ကုန်ပစ္စည်းများကို ကိုယ်တိုင်ရောင်းဝယ်ခြင်း၊ သူတစ်ပါးအတွက် သယ်ဆောင်ပေးခြင်း၊ လက်ခံသိုလှောင်ထားခြင်းမပြုရ။

(င) ဇာတ်၊ အငြိမ့်၊ ရုပ်သေး၊ ရုပ်ရှင်၊ ဆပ်ကပ်၊ လက်ဝှေ့၊ တီးဝိုင်း၊ ဘောလုံးပွဲစသော ပွဲလမ်းသဘင်များကို သွားရောက်ကြည့်ရှုခြင်း မပြုရ။

(စ) သီဆိုခြင်း၊ တီးမှုတ်ခြင်း၊ ကခုန်ခြင်း၊ မာတုဂါမများအား ပြောင်လှောင် နှောင့်ယှက်ခြင်း၊ ရမ်းကားရိုက်နှက်ခြင်း၊ ဘောလုံးကန်ခြင်း၊ စက်ဘီးစီးခြင်း၊ မော်တော်ဆိုင်ကယ်စီးခြင်း၊ ခြင်းလုံးခတ်ခြင်းမပြုရ။

(ဆ) ရဟန်းသာမဏေများကိုယ်တိုင် တစ်အိမ်တက်ဆင်း အိမ်မှုတိုင်ရာရောက် လှည့်လည်သွားလာ၍ ရွှေ ငွေ အလှူခံခြင်း မပြုရ။

(ဇ) ရဟန်းသာမဏေများကိုယ်တိုင် ကားဆိပ်၊ ရထားဆိပ်၊ သင်္ဘောဆိပ်၊ လေဆိပ်နှင့်ဈေးများ အတွင်း၌လည်းကောင်း၊ လမ်းဆုံ၊ လမ်းခွ၊ လမ်းမများ၌လည်းကောင်း၊ မော်တော်ကား၊ မီးရထား၊ သင်္ဘောများပေါ်၌ လည်းကောင်း၊

http://www.dhammadownload.com

ကားလမ်းမများပေါ်တွင် မော်တော်ယာဉ်များကို တားဆီး၍လည်းကောင်း ငွေကြေးအလှူခံခြင်းမပြုရ။

(ဈ) ရဟန်းသာမဏေများသည် ဆွမ်းခံချိန်၌ ဝိနည်းသိက္ခာပုဒ်တော်နှင့်အညီ ဆွမ်းခံခြင်းမှတစ်ပါး ပင့်ဖိတ်သူ ဒါယကာမရှိဘဲလျက် မြို့ရွာများအတွင်း နေမွန်းလွဲချိန်၌ ဆွမ်းဆန်စိမ်းအလှူခံခြင်း၊ ဟင်းသီးဟင်းရွက် အလှူခံခြင်းတို့ကို မပြုရ။

၂။ ပြည်နယ်(သို့မဟုတ်)တိုင်းပြည်သူ့ကောင်စီ အလုပ်အမှုဆောင်အဖွဲ့၊ မြို့နယ်ပြည်သူ့ကောင်စီ အလုပ်အမှုဆောင်အဖွဲ့များသည် အောက်ပါအတိုင်းဆောင်ရွက်ရန် ဖြစ်ပါသည်။

(က) ဇာတ်၊ အငြိမ့်၊ ရုပ်သေး၊ ရုပ်ရှင်၊ ဆပ်ကပ်၊ လက်ဝှေ့၊ တီးဝိုင်း၊ ဘောလုံးပွဲ၊ အားကစားပြိုင်ပွဲစသော ပွဲလမ်းသဘင်များကို ရဟန်းသာမဏေများက အခကြေးငွေဖြင့် သော်လည်းကောင်း၊ အခမဲ့သော်လည်းကောင်း ကြည့်ရှုလိုကြောင်း အမိန့်ရှိပါက သက်ဆိုင်ရာဝန်ကြီးဌာန၊ သက်ဆိုင်ရာ ပြည်သူ့ကောင်စီ အလုပ်အမှုဆောင်အဖွဲ့ကသက်ဆိုင်ရာ လက်မှတ်ရောင်းချသော အဖွဲ့အစည်း (သို့မဟုတ်) ပုဂ္ဂိုလ်အား အဆိုပါ ရဟန်းသာမဏေအား လက်မှတ်ရောင်းချခြင်း မပြုရေးအတွက် ညွှန်ကြားရန်၊

(ခ) ယင်းပွဲလမ်းသဘင်များကို လာရောက်ကြည့်ရှုသော ရဟန်းသာမဏေအား သက်ဆိုင်ရာ ပြည်သူ့ကောင်စီဝင်များနှင့် ဝန်ထမ်းများက နိုင်ငံတော်သံဃမဟာနာယက အဖွဲ့၏ ညွှန်ကြားလွှာကို လိုက်နာပါမည့်အကြောင်း လျှောက်ထားရန်၊

(ဂ) နိုင်ငံတော် သံဃမဟာနာယကအဖွဲ့၏ ညွှန်ကြားလွှာကို လိုက်နာခြင်းမပြုဘဲ အဆိုပါ ပွဲလမ်းသဘင်များသို့ ဝင်ရောက်

http://www.dhammadownload.com

ကြည့်ရှုရန် ဆက်လက်ကြိုးပမ်းသော ရဟန်းသာမဏေအား သက်ဆိုင်ရာပြည်သူ့ကောင်စီဝင်နှင့် ဝန်ထမ်းများက သက်ဆိုင်ရာ ရပ်ကွက်နှင့် ကျေးရွာအုပ်စု သံဃနာယကအဖွဲ့ (သို့မဟုတ်) သက်ဆိုင်ရာ မြို့နယ်သံဃနာယကအဖွဲ့ထံသို့ ပင့်ဆောင်အပ်နှံရန်၊

(ဃ) ရပ်ကွက်နှင့် ကျေးရွာအုပ်စုသံဃနာယကအဖွဲ့ (သို့မဟုတ်) မြို့နယ် သံဃမဟာနာယကအဖွဲ့ထံသို့ ပင့်ဆောင်အပ်နှံခြင်း ခံရသော ရဟန်းသာမဏေအား နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၏ ညွှန်ကြားချက်နှင့် အညီ ကျောင်းတိုက်စည်းကမ်းအရသော် လည်းကောင်း၊ ဝိနည်းသိက္ခာပုဒ်တော်အရသော်လည်းကောင်း အဆင့်ဆင့်အရေးယူ ဆုံးဖြတ်ပြီးသော ဆိုဆုံးမမည်ဖြစ်ရာ ဤသို့ ဆိုဆုံး၍မရသော ရဟန်းသာမဏေကို သံဃဝိနိစ္ဆယအဖွဲ့ဖြင့် စစ်ဆေးဆုံးဖြတ်ပြီးသောအခါ ဆုံးဖြတ်ချက်ကိုလိုက်နာစေရန် သက်ဆိုင်ရာ ပြည်သူ့ကောင်စီ အလုပ်အမှုဆောင်အဖွဲ့က ဆောင်ရွက်ပေးရန်၊

(င) ပွဲလမ်းသဘင်သို့ လာရောက်ကြည့်ရှုသော ရဟန်းသာမဏေအား နိုင်ငံတော် သံဃမဟာနာယကအဖွဲ့၏ ညွှန်ကြားလွှာကို လိုက်နာရန် သက်ဆိုင်ရာ ပြည်သူ့ကောင်စီနှင့် ဝန်ထမ်းများက လျှောက်ထားသော်လည်း လိုက်နာခြင်းမရှိဘဲ အကြမ်းဖက်လာလျှင် တည်ဆဲဥပဒေများအရ အရေးယူဆောင်ရွက်ရန်၊

(စ) နိုင်ငံတော် သံဃမဟာနာယကအဖွဲ့က ထုတ်ပြန်ထားသော စည်းကမ်းကျင့်ဝတ် ၉-ချက်အနက် ဖောက်ဖျက်သော

http://www.dhammadownload.com

စည်းကမ်းကျင့်ဝတ်သည် တည်ဆဲဥပဒေ တစ်ရပ်ရပ်နှင့် ငြိစွန်းပါက ယင်းသို့စည်းကမ်းကျင့်ဝတ်များကို ဖောက်ဖျက်သော ရဟန်းသာမဏေအား သက်ဆိုင်ရာ ဥပဒေအရ ရှေးဦးစွာ အရေးယူရန်၊

(ဆ) အပိုဒ် (စ) အရ အရေးယူပြီးပါက ဝိနည်းဓမ္မကံအဓိကရုဏ်းမှုခင်းများ ဖြေရှင်းဆုံးဖြတ်ရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများအရ ဆက်လက်အရေးယူနိုင်ရေးအတွက် သက်ဆိုင်ရာမြို့နယ် သာသနာရေးမှူးထံသို့ သတ်မှတ်ထားသော အယူခံရက်အတွင်း အယူခံခြင်းမရှိပါက မူလတရားရုံး၏ စီရင်ချက်မိတ္တူ၊ အယူခံပါက အယူခံတရားရုံးက မူလတရားရုံး၏အမိန့်ကို အတည်ပြုကြောင်း စီရင်ချက်မိတ္တူနှင့်အတူ စာဖြင့်အကြောင်းကြားရန်။

အမိန့်အရ-

ပုံ/xxxx

(ကျော်တင့်)

အတွင်းရေးမှူး

ဝန်ကြီးအဖွဲ့

စာအမှတ်၊ ၄/၃၄ ၀ ဖ ၈၆ (၅၁)။

ရက်စွဲ၊ ၁၉၈၆-ခု၊ အောက်တိုဘာလ ၂၀ ရက်။

မိတ္တူကို -

(၁) မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ ဗဟိုကော်မတီဌာနချုပ် } နိုင်ငံတော်ကောင်စီရုံး မှတစ်ဆင့်

(၂) နိုင်ငံတော်ကောင်စီရုံး

(၃) နိုင်ငံတော် သမ္မတရုံး

(၄) ပြည်သူ့လွှတ်တော်ရုံး

| | | |
|---|---|---|
| (၅) | တောင်သူလယ်သမားအစည်း- အရုံး ဗဟိုဦးစီးအဖွဲ့ဌာနချုပ် | နိုင်ငံတော် ကောင်စီရုံး မှတစ်ဆင့် |
| (၆) | အလုပ်သမားအစည်းအရုံး ဗဟိုဦးစီးအဖွဲ့ဌာနချုပ် | |

(၇) ပြည်သူ့တရားသူကြီးအဖွဲ့ရုံး

(၈) ပြည်သူ့ဥပဒေအကျိုးဆောင်အဖွဲ့ရုံး

(၉) ပြည်သူ့လုပ်ငန်းစစ်ဆေးရေးအဖွဲ့ရုံး

(၁၀) ဝန်ကြီးဌာနအားလုံး

(၁၁) ဦးဆောင်ညွှန်ကြားရေးမှူး၊ ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေး ကော်ပိုရေးရှင်းသို့ မြန်မာနိုင်ငံပြန်တမ်းတွင် ထည့်သွင်း ကြေညာပေးပါရန်နှင့် အပိုမိတ္တူစောင်ရေ (၅၀)ကို ဤရုံးသို့ ပေးပို့ပါရန် မေတ္တာရပ်ခံချက်ဖြင့် ပေးပို့ပါသည်။

အမိန့်အရ-

ပုံ/xxxx

(မောင်ကို)

ဒုတိယညွှန်ကြားရေးမှူးချုပ်

ဝန်ကြီးအဖွဲ့ရုံး

"မိတ္တူမှန်"



ပ.မ.၁၁.၈၈ ၁၅/၂၁၈၅.၀၈ (၂၀၀၀-ဒုပ်)လစ်ခို။